

www.burmeseclassic.com
ပန်းကိုးပွင့်
www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

# ပတ္တမြားဝိညာဉ်

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၃၅၀၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၃၄၁၁၁
ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြ–၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရှင် (မြ–၀၅၄၁၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ် (၂၀၈)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ – Ma O' Sar
ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်
ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၃၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅–၈၃
မအိုစာ
ပတ္တမြားဝိညာဉ် / မအိုစာ – ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁
၂၀၂ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
(၁) ပတ္တမြားဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေး အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါစာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပုံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရွာသူ မချမ်းသာ

ယခု . . . ပတ္တမြားဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

မအိုစာ

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ ပြန်လည်ပေးပို့လျက်ရှိပါတယ်။

မအိုစာ

# ပတ္တမြားဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

(၁၉၂၆ ...ခုနှစ်)

သူမ ... ကိုယ်လုံးပေါ် မှန်ရှေ့ရပ်ရင်း ကျေနပ်စွာ ပြုံးလိုက်တယ်။ မှန်ထဲမှာ အထင်းသား မြင်ရတဲ့ သူမရဲ့ခန္ဓာကိုယ်။

ပတ္တမြားတွေ ပြိုးပြိုးပြက်ပြက်လက်နေတဲ့ အင်္ဂလန်ဖြစ် ပိုးအင်္ကျီလေး။ ဒီနေ့ ... သူမရဲ့ မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တယ်။ လူတွေအားလုံး သူမရဲ့ ပတ္တမြားစီထားတဲ့ အင်္ကျီလေးကို ရင်သပ်ရှုမော ငေးကြည့်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


အရေးပိုင် အရာပိုင်တွေရဲ့ ကတော်ကြီးတွေတောင် သူမ အင်္ကျီလေးကို စာဖွဲ့ ချီးမွမ်းခဲ့ကြတယ်။

သူမ ... မှန်ထဲမြင်နေရတဲ့ အင်္ကျီလေးကိုကြည့်ရင်း မချွတ်ရက်လောက်အောင် ကြည်နူးနေမိတယ်။

"ဟာ ... ခင်က ခုထိ အဝတ်မလဲရသေးပါလား၊ အဝတ်မြန်မြန်လဲလေ၊ အရမ်းပင်ပန်းနေပြီ ... အိပ်ကြရအောင်"

သူမ ... ခင်ပွန်းသည်ကို စောင်းငဲ့ကြည့်ရင်း ...

"အင်းပါ အစ်ကိုရဲ့ ... ခင်လည်း မင်္ဂလာပွဲရော၊ ညစာစားပွဲပါ ဆက်သွားလို့ သိပ်ပင်ပန်းနေပြီ၊ ဒီအင်္ကျီလေးကို ချွတ်ရမှာ နှမြောနေတယ် အစ်ကိုရဲ့၊ ဒီအင်္ကျီလေးဝတ်ပြီး သေရမယ်ဆိုရင်တောင် သေပျော်ပါပြီ"

လို့ ပြောလိုက်တယ်။ သူမရဲ့စကားကြောင့် ခင်ပွန်းသည်ဟာ မျက်နှာပျက်သွားပြီး ...

"ဘာတွေပြောနေတာလဲ ခင်၊ နိမိတ်မရှိလိုက်တာကွာ၊ မင်္ဂလာဦးညမှာ ဒီလိုစကားတွေ ဘာလို့ပြောရတာ



လဲကွ၊ မင်းရဲ့အင်္ကျီမှာ တပ်ထားတဲ့ ပတ္တမြားထက် ပိုပြီး အရည်အသွေးကောင်းတဲ့ ပတ္တမြားတွေ ရှိတယ်၊ မင်း တစ်ကိုယ်လုံး ပတ္တမြားတွေ စီထားလို့ရတယ် ... သိရဲ့လား ခင်"

လို့ ပြောတဲ့အခါ သူမမျက်နှာ ညှိုးငယ်သွားတယ်။

"အဖိုးတန် ပတ္တမြားပေါင်း မြောက်မြားစွာစီပြီး ပိုးအင်္ကျီတွေ အများကြီး ချုပ်လို့ရတယ်၊ အမေတစ်ယောက်ရဲ့ မိခင်စိတ်အပြည့်နဲ့ ချုပ်ပေးထားတဲ့အင်္ကျီတော့ ဖြစ်မလာနိုင်ပါဘူး ...၊

အမေက ခင့်အတွက် သတို့သမီးအင်္ကျီလေးကို အပင်ပန်းခံပြီး ကိုယ်တိုင်ချုပ်ပေးခဲ့တယ်၊ ဟောဒီအင်္ကျီလေးမှာ စီထားတဲ့ ပတ္တမြားတွေဟာ အမေတို့မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ခဲ့တဲ့ ပတ္တမြားတွေ ဖြစ်သလို ... အင်္ကျီရဲ့ ပိုးစဟာ ခင့်ဘကြီး မြို့အုပ် အင်္ဂလန်သွားတုန်းက ဝယ်ခဲ့တဲ့အစလည်း ဖြစ်တယ် ...၊

ဒီထက်ပိုဆိုးတာက မေမေဟာ ဒီအင်္ကျီလေးကို

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လက်စသတ်တဲ့နေ့မှာပဲ သေဆုံးခဲ့ရတယ်၊ ဒါကြောင့် ဒီအင်္ကျီလေးဟာ ခင့်အတွက် ဘယ်လိုမှ အစားထိုးလို့မရနိုင်တဲ့ အရာတစ်ခုပဲ အစ်ကို ... ခင့်ကို နားလည်ပေးပါ"

သူမရဲ့စကားကြောင့် ခင်ပွန်းသည်ဟာ သက်ပြင်းချ ရင်း ...

"ဟုတ်ပါပြီ ခင်ရယ် ... အစ်ကို နားလည်ပါပြီ၊ ခင် ဒီအင်္ကျီလေးကို သိပ်ကြိုက်ရင် ပွဲတက်တဲ့အခါတိုင်း ဝတ်လို့ရတာပဲကွယ်၊ အခုတော့ ချွတ်လိုက်ပါတော့ကွာ၊ ဒီအချိန်ဟာ အစ်ကိုတို့ရဲ့ မင်္ဂလာဦးညလေ"

လို့ ပြောလိုက်တယ်။ ခင်ပွန်းသည်ရဲ့ စကားကြောင့် သူမဟာ မှန်တင်ခုံရှေ့ကနေ ခွာလိုက်တယ်။

မင်္ဂလာခုတင်ကြီးရဲ့ အစွန်းမှာထိုင်ရင်း အင်္ကျီလဲဖို့ ပြင် လိုက်တယ်။ ဒီအချိန်မှာပဲ ... အိပ်ခန်းတံခါးဟာ 'ဝုန်း' ခနဲ ပွင့်သွားတယ်။

❒❒❒

"ကြင်စဦးဝနီးမောင်နှံ . . .
ဘာဖြစ်ကြမလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူတို့နှစ်ယောက်လုံး အံ့သြမှင်တက်သွားကြတယ်။

မျက်နှာဖုံးစွပ်နဲ့ လူငါးယောက် ... ဓားရှည်ကိုယ်စီ ကိုင်ပြီး ဝင်လာကြပြီ။

မျက်နှာဖုံးသမားတွေဟာ အခန်းထဲ ပြေးဝင်လာပြီး သူတို့ကို ဓားနဲ့ ရွယ်ထားကြတယ်။ ဒီအခါမှ သူတို့နှစ်ယောက်လုံး အကြီးအကျယ် ထိတ်လန့်သွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်းတို့ဘယ်သူတွေလဲ၊ မင်းတို့နဲ့ငါ ဘာ ရန်ငြိုးရန်စမှ မရှိဘူး၊ အခန်းထဲက ထွက်သွားကြပါ"

ခင်ပွန်းသည်ရဲ့စကားကြောင့် ဓားနဲ့ရွယ်ထားတဲ့လူက ...

"မင်္ဂလာဦးညမှာ ပွဲဖျက်လို့ ခဲဖိုးတောင်းတယ် ထင် လို့လား၊ ဓားပြတိုက်နေတာဗျ ... ဓားပြတိုက်နေတာ၊ ကဲ သူဌေးကြီး ... မီးခံသေတ္တာသော့ပေးစမ်း"

လို့ ရင်ဝကို ဓားထောက်ရင်း ပြောလာတယ်။

သူမနဲ့ ခင်ပွန်းသည်ဟာ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ရင်း ဇောချွေးပျံနေပြီ။

"အကြည်ဆိုက်မနေနဲ့ ... ဟောဒီဓားက ဗိုက်ထဲ ဝင်ရင် အသက်ထွက်မှာနော် ... ပေးစမ်းဟေ့"

ဓားပြသမားရဲ့ ကြုံးဝါးသံကြောင့် ခင်ပွန်းသည်ဟာ မျက်နှာအကြီးအကျယ် ပျက်သွားတယ်။

ပြီးတော့ ... တုန်ယင်တဲ့ လက်အစုံနဲ့ ခေါင်းအုံးအောက် က သော့တွဲတစ်ခုကို လှမ်းနှိုက်လိုက်တယ်။

ဓားပြသမားက သော့တွဲကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။

သော့ကိုင်ထားတဲ့ လက်ကို တဆဆလုပ်ရင်းဟားတိုက် ရယ်မောလိုက်တယ်။

ရယ်မောသံရဲ့အဆုံးမှာတော့ ဓားကိုင်လက်ဟာ မြောက် တက်သွားပြီး ခင်ပွန်းသည်ရဲ့ရင်ဝကို အားကုန်ထိုးစိုက်လိုက် တယ်။

"အမယ်လေး ... သေပါပြီတော် ... ဟင် ... နင်တို့ ယုတ်မာလှချည်လား၊ ပစ္စည်းယူရုံတင် အားမရဘူး ... လူကိုပါ သတ်ပစ်တယ်၊ နင်တို့ကို ငါ ပြန်သတ်မယ်"

သူမ ... သွေးရူးသွေးတန်း အော်ဟစ်ရင်း ဖမ်းချုပ်ထား တဲ့ ဓားပြရဲ့လက်ကို ကုတ်ခြစ်တွန်းထုတ်လိုက်တယ်။

"ဟာ ... ဒီမိန်းမ ... သေချင်လို့ ဓားတောင်းနေ တယ်၊ ငါ့ကိုလုပ်တဲ့ ကောင်မ ... သေစမ်းကွာ"

ဓားပြဟာ ဒေါသတကြီး ကြုံးဝါးရင်း သူမခေါင်းကို ဓားနှောင့်ရိုးနဲ့ ရိုက်ချလိုက်တယ်။

သူမဟာ ပျော့ခွေသွားပြီး ကြမ်းပြင်ပေါ် 'ဘုတ်' ခနဲ လဲ

www.burmeseclassic.com

www.burmeseclassic.com



ကျသွားတယ်။

ဓားပြတွေဟာ မီးခံသေတ္တာကို ရမ္မက်ဇောကြီးစွာနဲ့ ဖွင့်လိုက်ကြတယ်။

ငွေစက္ကူအထပ်လိုက်နဲ့ ရတနာဘူးကို မြင်တဲ့အခါ ဓားပြတွေဟာ အလျင်အမြန်လုမ်းယူပြီး အိတ်ထဲ ထည့်လိုက်ကြတယ်။

အားလုံးပြီးတဲ့အခါ ဓားပြတွေဟာ ထိုနေရာက ထွက်ဖို့ ပြင်လိုက်တယ်။

အခန်းဝရောက်တော့ ဓားပြခေါင်းဆောင်က နောက်ပြန်လှည့်ကြည့်ရင်း ...

"ဟိုနားမှာ အရောင်ဖျတ်ခနဲလက်သွားတာ ငါမြင်လိုက်တယ်၊ ဟော့ကောင်တွေ ... သွားကြည့်စမ်း"

လို့ စေခိုင်းလိုက်တယ်။

ကျန်လူတွေဟာ ထိုနေရာကို သွားကြည့်တဲ့အခါ ...

"ဒီမိန်းမကိုယ်က အရောင်တွေ လက်နေတယ် ဆရာကြီး"



လို့ တအံ့တသြ ရေရွတ်လိုက်ကြတယ်။

ဓားပြခေါင်းဆောင်ဟာ တပည့်တွေရဲ့စကားကြောင့် စိတ်ဝင်တစား ဖြစ်သွားတယ်။

ပြီးတော့ မေ့မြောနေတဲ့ အမျိုးသမီးရှိရာ လျှောက်သွားပြီး အနီးကပ် ကြည့်ရှုလိုက်တယ်။

အခန်းမီးရဲ့ အလင်းရောင်အောက် ... အမျိုးသမီးဝတ်ထားတဲ့ ပိုးအင်္ကျီဟာ အရောင်တဖျပ်ဖျပ်လက်နေတာ တွေ့လိုက်ရတယ်။

ဓားပြခေါင်းဆောင်ဟာ အင်္ကျီမှာ စီထားတဲ့ ကျောက်တွေကို စူးစိုက်ကြည့်ရင်း ...

"ငါတို့ ရထားတဲ့ ရတနာတွေထက် ... ဒီမိန်းမရဲ့ အင်္ကျီက ကျောက်တွေက ပိုပြီး အဖိုးတန်တယ်၊ မင်းတို့ ဒီအင်္ကျီကို ချွတ်လိုက်စမ်း၊ ပြီးရင် ကောင်မကို အပြတ်ရှင်းလိုက်"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

“ပတ္တမြားဝိညာဉ်...”

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၀ ခုနှစ် ...

ဘောက်ဝက်ငွန်ကားတစ်စီးဟာ ခြံဝင်းကျယ်တစ်ခု ထဲ မောင်းဝင်ရင်း ဟွန်းကို အဆက်မပြတ်တီးလိုက်တယ်။

ခေတ်ဆန်ဆန် ခြယ်သထားတဲ့ အမျိုးသမီးတစ်ဦးဟာ တိုက်ကြီးထဲက ပြေးထွက်လာရင်း ...

"ယူ သိပ်နောက်ကျတာပဲ၊ မာမီတို့ ယူ့ကို စောင့် နေတာရော သတိရသေးရဲ့လား"

ကားထဲက လူငယ်တစ်ဦး ထွက်လာပြီး မိန်းမပျိုကို



လှမ်းဖက်လိုက်တယ်။

"ကားကို အမြန်မောင်းတာပဲ လေဒီရယ် ... ကား က စက်ခဏခဏ ရပ်သွားလို့ကွ"

နှစ်ယောက်သား ပြောဆိုရင်း အိမ်ထဲဝင်ခဲ့ကြတယ်။

ညှေ့ခန်းထဲက ဆက်တီပေါ်မှာတော့ အရွယ်နဲ့မမျှ အောင် ပြင်ဆင်ထားတဲ့ အမျိုးသမီးကြီးတစ်ဦး ခြေချိတ်ထိုင်ရင်း စီးကရက်ကို ဟန်ပါပါခဲနေတယ်။

လူငယ်ကို မြင်တဲ့အခါ အမျိုးသမီးကြီးဟာ နံရံကပ် နာရီကြီးဆီ မျက်လုံးဝေ့ကြည့်ရင်း ...

"နောက်ကျလှချည်လား မောင်ရန်နိုင်၊ ငါ့သမက် လုပ်မယ့်လူက အချိန်ကို မလေးစားတာ ငါမကြိုက် ဘူး"

လို့ လေသံမာမာနဲ့ ပြောလိုက်တယ်။

လူငယ်ရဲ့မျက်နှာ ပျက်ယွင်းသွားပြီး ဆက်တီမှာ ဝင် ထိုင်လိုက်တယ်။

"နောက်ကျတဲ့အတွက် တောင်းပန်ပါတယ်၊ အန်

www.burmeseclassic.com



တီ ကျွန်တော့်ကိုခေါ်တဲ့ကိစ္စကို ပြောပါ”

အမျိုးသမီးကြီးက မျက်နှာထိ မျက်နှာထားနဲ့ ...

“မင်းတို့မင်္ဂလာပွဲကိစ္စကလွဲရင် ခေါ်စရာအကြောင်း မရှိဘူး၊ မနက်ဖြန် အမေရိကားမှာရှိတဲ့ ငါ့သားကြီးဆီ လှမ်းပြီး မင်္ဂလာဝတ်စုံ မှာရမယ်၊ အဲဒါ ... မင်းရဲ့ကိုယ်တိုင်း လိုအပ်တယ်”

လို့ ပြောလိုက်တယ်။

လူငယ်က အမျိုးသမီးကြီးကို စူးစိုက်ကြည့်ရင်း ခေါင်းခါယမ်းလိုက်တယ်။

“ဒါတော့ မဖြစ်နိုင်ဘူး အန်တီ၊ ကျွန်တော်တို့ဘက်က တင်တောင်းခဲ့တဲ့ တိုက်နဲ့ကားကို အန်တီ လက်ခံခဲ့ပြီးပြီပဲ၊ အဲဒီတုန်းက ကျွန်တော်တို့ဘက်က တောင်းဆိုစရာတစ်ခု ကျန်သေးတယ်လို့ အန်တီ့ကို ပြောခဲ့ပြီးပြီလေ ... ကျွန်တော်တို့တောင်းဆိုမှာက မင်္ဂလာဝတ်စုံကို စီစဉ်ချင်တယ် ... အဲဒါပဲ အန်တီ”

အမျိုးသမီးကြီးက ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်



တယ်။ ပြီးတော့ လှောင်သလို ရယ်မောလိုက်ရင်း ...

“ဟင်း ဟင်း ဟင်း ... မင်္ဂလာဝတ်စုံကို မင်းတို့ဘက်က စီစဉ်မယ် ... ဟုတ်လား၊ မင်းတို့ဘက်က နိုင်ငံခြားအဆက်အသွယ်မှ မရှိဘဲကွဲ့၊ ကုန်သည်မျိုးရိုးက ဆင်မယ့်ဝတ်စုံဟာ ဖျင်အကျီနဲ့ ယောထဘီတော့ မဟုတ်လောက်ပါဘူးနော်၊ ငါ လုံးဝလက်မခံနိုင်ဘူး ဟေ့”

အမျိုးသမီးကြီးရဲ့အသံက အိမ်ကြီးထဲ ဟိန်းထွက်သွားတယ်။

လူငယ်က အံတင်းတင်းကြိတ်ရင်း ဆတ်ခနဲထရပ်လိုက်တယ်။

“ဒီမှာ အန်တီ ... အန်တီ့တောင်းဆိုချက်ကို ကျွန်တော်တို့ လိုက်လျောပေးပြီးပြီ၊ ကျွန်တော်တို့ဘက်က တောင်းဆိုတာကို အန်တီ လက်ခံပေးပါ၊ ဒီမင်္ဂလာပွဲမှာ ကျွန်တော်က အဓိက သတို့သားပါ၊ အခုဆို ဖိတ်စာတွေလည်း ရိုက်ပြီးနေပြီ၊ သတို့သားမရှိတဲ့ မင်္ဂလာပွဲမျိုး

www.burmeseclassic.com

www.burmeseclassic.com

အိန်တို့သမီး အဖြစ်ခံနိုင်သလားဆိုတာ ခေါင်းအေးအေးနဲ့ စဉ်းစားလိုက်ပါဦး၊ ဒါပါပဲ အန်တီ ... ခွင့်ပြုပါဦး"

လူငယ်က ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားတယ်။

"ကိုနိုင် ... ကိုနိုင် ...

နေဦးလေ ကိုနိုင်"

❒ ❒ ❒

''သူတို့ရဲ့ အခြေအနေ
ဘာဆက်ဖြစ်မလဲ?''

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

"ဒီမယ် မိမိမော် ... နင့်အကောင် ငါ့ကို စော်ကားသွားတာ ညည်း ကြားတယ်မဟုတ်လား၊ ဖိတ်စာရိုက်ပြီးလည်း ဂရုမစိုက်ဘူးဟော့၊ မိမိကြီးတို့က သူများမျက်ခုံးပေါ် စကြံလျှောက်ရမှ ကျေနပ်တယ် ...၊

ညည်းမင်္ဂလာပွဲကို ဖျက်လိုက်စမ်း၊ ငါ့မျက်ခုံးပေါ် လမ်းလျှောက်ချင်နေတဲ့အကောင်ကို ညည်းနဲ့ လုံးဝ သဘောမတူနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူရဲ့ ဒေါသတကြီး ကြုံးဝါးသံကြောင့် သူမ ဝမ်းနည်းစိတ်တွေ လှိုက်တက်လာတယ်။

ပါးပြင်ပေါ် လိမ့်ကျလာတဲ့ မျက်ရည်တွေနဲ့အတူ မိခင်ကို ပြေးဖက်ရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်တယ်။

"ဟဲ့ ... လောကမှာ ယောကျ်ား ရှားသလားအေ့၊ ဒီလင်နဲ့ မပေးစားနိုင်ဘူးလို့ပြောတာ ကမ္ဘာပျက်မတတ် ငိုနေရသလား၊ သူ့ထက် ဆယ်ဆသာတဲ့ လူနဲ့ ဆယ်ရက်အတွင်း ငါ ပေးစားမယ်၊ မျက်ရည်သုတ်ပစ်လိုက်စမ်း"

ဒေါ်မိမိကြီးဟာ မသိဒေါသောဟန်နဲ့ လက်မ,ထောင် ကြုံးဝါးလိုက်ပြန်တယ်။

"အဟင့် ဟင့် ဟင့် ... မဟုတ်ဘူး မာမီ၊ မာမီပြောသလောက် မလွယ်ဘူး၊ မော် ... မော် ကိုနိုင်နဲ့ ယူမှဖြစ်မယ် ... ဟင့် ဟင့် ဟင့်"

"ဘာပြောတယ် မိမိမော် ... ဒီကောင်နဲ့ ယူမှဖြစ်ရအောင် ဒီကောင်က ရွှေထွက်နေလို့လား ... ပြောစမ်း"



မိခင်ဖြစ်သူရဲ့ အော်သံကြောင့် သူမ ပိုမိုဝမ်းနည်းသွားပြီး ...

"ရွှေမထွက်ပေမယ့် မကြာခင် မိ ဗိုက်ထွက်တော့မှာ မာမီရဲ့ ... သိရဲ့လား ... ဟီး ဟီး ဟီး"

လို့ ပြောရင်း ချုံးပွဲချ ငိုကြွေးလိုက်တယ်။

သမီးဖြစ်သူရဲ့စကားကြောင့် ဒေါ်မိမိကြီးဟာ မိုးပြိုကျမတတ် ထိတ်လန့်သွားတယ်။

ပြီးတော့ မိုးကြိုးပစ်မတတ် အသံကြီးနဲ့ ...

"ဘာ ... နင် ... နင် ဗိုက်လှချည်လား မိမိမော်၊ ယောကျ်ားတစ်ယောက်ကို ပုံအောပေးရလောက်အောင် နင့်ရဲ့အသိဉာဏ်တွေက နုံ့နည်းလှချည်လား၊ ရှက်ဖို့ကောင်းလိုက်တာ၊ နင် ... နင် ငါ့ကို သေအောင်လုပ်နေတာလား မိမိမော် ... ပြောစမ်း"

လို့ မိမိမော်ရဲ့ပခုံးကို ဆွဲလှုပ်ရင်း မေးလိုက်တယ်။

"မာမီ့ကို သေအောင်လုပ်တာ မဟုတ်ဘူး ... အီး ဟီး ဟီး ...၊

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ မိလုပ်ချင်တာ တစ်ခုပဲရှိတော့တယ်၊ မိကိုယ်မိ သတ်သေပစ်ချင်လောက်အောင် စိတ်ညစ်နေပြီ၊ မာမီကလည်း ဘာမဟုတ်တဲ့ မင်္ဂလာဝတ်စုံလေး တစ်ထည်နဲ့ မင်္ဂလာပွဲကို ပျက်အောင်လုပ်ပစ်တယ် ...

အဟင့် ဟင့် ...၊

ကိုနိုင်ကလည်း မာမီ့ကြောင့် မိကို စိတ်ကုန်သွားပြီ၊ မိတို့အသိုင်းအဝိုင်းဟာ ခေတ်ပညာတတ် လူကုံထံအသိုင်းအဝိုင်းပါ မာမီရဲ့၊ ဖိတ်စာကမ်းပြီးမှ မင်္ဂလာပွဲပျက်တာထက်စာရင် သေသွားတာမှ ကောင်းပါသေးတယ်”

မိမိမော်ရဲ့ ရှိုက်ကြီးတငင်ငိုပြီး ပြောတဲ့စကားတွေက ဒေါ်မိမိကြီးရဲ့နားထဲကို သံရည်ပူအလား စီးဝင်သွားတယ်။

ဒေါ်မိမိကြီးတစ်ယောက် အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေတယ်။

ပြီးမှ ...

“ကောင်းပြီ မိမိမော် ... မင်္ဂလာဝတ်စုံကိစ္စကို ငါ လက်ခံပေးလိုက်မယ်၊ အေး ... ဒါပေမဲ့ ညည်းတို့ လက်



ထပ်ပြီးတာနဲ့ ညည်းတို့နှစ်ယောက်လုံး ငါ့အိမ်ရိပ်ကိုတောင် နင်းဖို့မကြိုးစားနဲ့၊ ညည်းကို ငါ အမွေပြတ်စွန့်လွှတ်ပစ်မယ်၊ ဒါကို လက်ခံနိုင်မှ ညည်းရဲ့မင်္ဂလာပွဲကို ငါတက်မယ် ... ဒါပဲ”

❒❒❒

www.burmeseclassic.com

"မင်္ဂလာပွဲ ဖြစ်ပါ့မလား?"

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com



မိမိမော်ရဲ့ တယ်လီဖုန်းဆက်မှုကြောင့် ရန်နိုင်ဟာ သူတို့အိမ်ဘက် ထွက်ခဲ့ရပြန်တယ်။

သူမတို့အိမ်ရောက်တဲ့အခါ ရန်နိုင်က အဖြူရောင်စက္ကူဘူးတစ်ခုကို ကမ်းပေးရင်း ...

"ဒီထဲမှာ မိဝတ်ရမယ့် ဝတ်စုံပါတယ် ... ဖွင့်ကြည့်ပါဦး"

လို့ ပြောလိုက်တယ်။

မိမိမော်ဟာ စက္ကူဘူးကိုယူပြီး ဖွင့်ကြည့်လိုက်တဲ့အခါ မျက်နှာရှုံ့မဲ့သွားပြီး ...

"ဟာ ... ဘာကြီးလဲ၊ ရှင် စိတ်မှန့်သေးရဲ့လား ကိုရန်နိုင်၊ ဒါကြီးကို ကျွန်မ ဝတ်ရမယ် ... ဟုတ်လား"

လို့ အထိတ်တလန့် အော်ဟစ်လိုက်တယ်။

အဖြူရောင်စက္ကူဘူးထဲမှာတော့ ပိုးစအဖြူပေါ်မှာ အနီရောင်ကျောက်တွေ စီခြယ်ထားတဲ့ ရင်ဖုံးအင်္ကျီလေးတစ်ထည်။

ရန်နိုင်က မိမိမော်ရဲ့လက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ဟုတ်ပါတယ် မိ ... ဒါက မိဝတ်ရမယ့် သတို့သမီးအင်္ကျီပဲ၊ ထဘီအတွက်တော့ မိကြိုက်သလို စီစဉ်နိုင်ပါတယ်၊ ဒီဝတ်စုံဟာ မိနဲ့ ဘယ်လိုမှ မအပ်စပ်ပါဘူး၊ ဒါပေမဲ့ ကို့မှာ ရွေးချယ်စရာလမ်း မရှိဘူး မိရယ်၊ ကိုယ်တို့ရဲ့မင်္ဂလာပွဲမှာ မိ ဒီအင်္ကျီကို ဝတ်မှဖြစ်မယ်"

လို့ ပြောလိုက်တဲ့အခါ ...

"မိနဲ့ မအပ်စပ်မှန်းသိရင် ဘာလို့ ဒါကြီးကို ဝတ်ခိုင်းရတာလဲ၊ ရွေးချယ်စရာလမ်း မရှိလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်က ဆင်းရဲမွဲတေနေလို့လား ... ဟင်”

မိမိမော်ရဲ့ ခနဲ့စကားကြောင့် ရန်နိုင်ဟာ သက်ပြင်းရှိုက်လိုက်မိတယ်။

“မဟုတ်ဘူး မိ၊ ဒီဝတ်စုံလေးရဲ့နောက်ကွယ်မှာ ကိုယ်ကိုယ်တိုင် မသိနိုင်တဲ့ အကြောင်းအရာတွေ အများကြီး ရှိနေတယ် ...၊

တကယ်တော့ ကိုယ့်ရဲ့အဖေဟာ ကိုယ် ဆယ့်သုံးနှစ်သားအရွယ်တည်းက အိမ်ကနေ ထွက်ခွာသွားတာ ဒီနေ့အထိပါပဲ၊ အဖေဟာ စာတစ်စောင်နဲ့အတူ ဟောဒီ စက္ကူဘူးလေးကို ကိုယ့်အတွက် ချန်ထားရစ်ခဲ့တယ်၊

စာထဲမှာတော့ စက္ကူဘူးလေးထဲက ဝတ်စုံကို ကိုယ့်ရဲ့သတို့သမီးကို ပေးဝတ်ရမယ်လို့ ရေးသားထားခဲ့တယ်၊ လူမမယ် သားတစ်ယောက်ကို စိတ်ချလက်ချ စွန့်သွားရက်တဲ့ အဖေ ... သူ့ရဲ့ နောက်ဆုံးလက်ဆောင်ဟာ သူ့အတွက် အသက်ထက်မက သိပ်အရေးကြီးတဲ့ ဆန္ဒတစ်ခုလို့ ကိုယ်ယူဆမိတယ် ...၊



ကိုယ့်အနေနဲ့ အဖေ့ရဲ့နောက်ဆုံးဆန္ဒကို ငြင်းပယ်နိုင်တဲ့အင်အား လုံးဝမရှိဘူး မိရယ်၊ မိရော ကိုယ့်နေရာမှာဆိုရင် ကိုယ့်လိုပဲ လုပ်မှာမဟုတ်လား၊ ဒါကြောင့် မိကို ကိုယ် အနူးအညွတ်တောင်းပန်ပါတယ် ... ဟောဒီ အင်္ကျီလေးကို ကိုယ်တို့ရဲ့မင်္ဂလာပွဲမှာ ဝတ်ပေးပါ မိရယ် ... နော်”

လို့ တောင်းပန်တိုးတိုး ဆိုလိုက်တယ်။

မိမိမော်ဟာ အသက်မက ချစ်ရတဲ့ ရန်နိုင်ရဲ့စကားတွေကြောင့် သက်ပြင်းငွေ့ငွေ့ ချလိုက်မိတယ်။

“ကောင်းပါပြီ ... ကိုနိုင့်ဆန္ဒကို မိ လိုက်လျောပေးပါ့မယ်”

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

"သတို့သမီးအင်္ကျီလေး...
မိမိမော်လက်ထဲ ရောက်သွားပြီ၊
ဘာဆက်ဖြစ်မလဲ?"

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

"ဟိုး ... မိုင်ဂေါ့ဒ် ...

ဒီလောက် ပုံဆိုးပန်းဆိုးနဲ့ ခုနစ်ဆွေး ရှစ်ဆွေး အင်္ကျီက သတို့သမီးအင်္ကျီ ... ဟုတ်လား၊ ရတနာကုန်သည် ဒေါ်မိမိကြီးရဲ့သမီးက ဒီလိုအင်္ကျီမျိုးဝတ်ပြီး မင်္ဂလာဆောင်ရမတဲ့ ...၊

အမယ်လေး ... အံ့ဩဖို့ကောင်းလိုက်တာနော်၊ ဒီ ... ဒီကောင် ရူးနေပြီ၊ ငါ့သမီးကို ဆက်သက်မဲ့ အရှက်



ကွဲအောင်လုပ်တာ၊ အမယ်လေး ... အသက်ရှူကျပ်လိုက်တာ"

ဒေါ်မိမိကြီးဟာ ကျောက်စီထားတဲ့ ပိုးအင်္ကျီကိုကြည့်ရင်း အထိတ်တလန့် ရေရွတ်လိုက်တယ်။

ဒေါ်သစိတ်ကြောင့် နားထင်သွေးဆောင့်တက်ပြီး အသက်ရှူရပ်မတတ် ခံစားလိုက်ရတယ်။

ဒါကြောင့် ဆိုဖာပေါ်ထိုင်ချရင်း ရင်ဘတ်ကို ဖိထားမိတယ်။

မိမိမော်က မိခင်ဖြစ်သူရဲ့နံဘေး ဝင်ထိုင်ရင်း ရန်နိုင်ပြောပြတဲ့အကြောင်းကို ပြန်ပြောပြလိုက်တယ်။

ဒေါ်မိမိကြီးတစ်ယောက် စားပွဲပေါ်ခေါက်တင်ထားတဲ့ အဖြူရောင် သတို့သမီးအင်္ကျီကိုကြည့်ရင်း ကြက်သီးဖျန်းဖျန်းထပြီး ခေါင်းမွေးတွေ ထောင်သွားတယ်။

"အင်္ကျီကိုက ကျက်သရေမရှိဘူး၊ ဒါကြီးကိုကြည့်ပြီး ငါ ကြက်သီးထနေတာ ... ညည်းသိရဲ့လား မိမိမော်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ မာမီရယ် ... မာမို့သွေးလေ မညီ ညွတ်လို့ ကြက်သီးထတာ ဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် မိကတော့ ဒီအကျီကို ဝတ်မှဖြစ်မယ်၊ ကိုနိုဇ့်ကို စိတ် မထိခိုက်စေချင်ဘူး မာမီရဲ့"

"ညည်းလုပ်ချင်ရာသာ လုပ်ပေတော့ မိမော်၊ မင်္ဂလာပွဲပြီးတာနဲ့ ညည်းနဲ့ငါက မအေခန်း သမီးခန်း ပြတ် ပြီ၊ မယ်မင်းကြီးမ သဘောပဲ"

ဒေါ်မိမိကြီးဟာ မကျေမချမ်း ပြောဆိုပြီး ခြေဆောင့်နင်း ထွက်သွားတယ်။

မိမိမော်က ကျောက်စီထားတဲ့ အကျီလေးကို ဘူးထဲ ပြန်ထည့်လိုက်တယ်။

ပြီးတော့ ... ဘူးကိုယူပြီး အပေါ်ထပ် အိပ်ခန်းဆီ တက် သွားတယ်။

အကျီဘူးလေးကို ခုတင်ပေါ်တင်ရင်း ရေချိုးဖို့ ပြင် လိုက်တယ်။

သူမ ရေချိုးနေချိန်မှာတော့ အိပ်ခန်းထဲ တစ်ယောက် ယောက် ရောက်နေသလို ခံစားလိုက်ရတယ်။

ဒါကြောင့် မျက်နှာသုတ်ပဝါပတ်ပြီး အခန်းပြင်ထွက်ခဲ့ တယ်။

"မာမီ ... မာမီ ... မာမီရေ"

သူမရဲ့ခေါ်သံကြောင့် ဒေါ်မိမိကြီးဟာ မကျေမနပ်အမူ အရာနဲ့ အခန်းထဲ ရောက်လာတယ်။

မိခင်ကို မြင်တော့ ...

"မာမီ ... မိအခန်းထဲ ဝင်တယ် မဟုတ်လား"

လို့ မေးလိုက်တယ်။

"ကြားသားမိုးကြိုးပေါ် ... နင့်အခန်းထဲ ဝင်ဖို့နေ နေသာသာ ဒေါသထွက်လွန်းလို့ သွေးကျဆေးသောက် နေရတယ်၊ ငါ သွေးတက်နေပြီ ... လှဲနေမှဖြစ်မယ်"

ဒေါ်မိမိကြီးဟာ ထိုသို့ပြောဆိုပြီး ပြန်ထွက်သွားတယ်။

မိမိမော်တစ်ယောက် ခုတင်ပေါ်ထိုင်ရင်း ရေစိုဆံပင်တွေ ကို သုတ်နေချိန် ...

'ဂလောက် ... ဂလောက် ... ဂလောက် ... ဒေါက်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက် ... ဂလောက် ... ဂလောက်'

ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် သူမ ခေါင်း မော့ကြည့်မိတယ်။

မျက်နှာကြက်ကြားထဲက ကြားနေရတဲ့အသံ။ လုံးဝရပ်မသွားဘူး။

"မာမီ ... မာမီရေ မာမီ ... လာပါဦး မာမီ"

သူမ အကြိမ်ကြိမ် ခေါ်နေပေမယ့် မိခင်က ရောက်မလာဘူး။

ဒါကြောင့် မိခင်ရဲ့အခန်းဘက် ထွက်ခဲ့တယ်။

"နားလည်မှု မရှိဘူးလား မိမော်၊ ငါ သွေးတိုးလို့ လှဲနေတာ မသိဘူးလား၊ အော်မနေနဲ့စမ်း"

မိခင်ရဲ့ လှမ်းငေါက်သံကြောင့် သူမက ...

"မိအခန်းက မျက်နှာကြက်ပြားထဲက အသံတွေ ကြားနေရတယ် မာမီ ... ဘာဖြစ်တာလဲ မသိဘူး"

လို့ပြောလိုက်တဲ့အခါ ဒေါ်မိမိကြီးဟာ မျက်မှောင်ကြုတ် သွားတယ်။



"ဟဲ့ ... ဟုတ်ရဲ့လား မိမော်ရယ်၊ မျက်နှာကြက် ပေါ်ကို အိမ်မြှောင်ကလွဲရင် ဘာမှမဝင်နိုင်ဘူး"

"မဟုတ်ဘူး မာမီရဲ့ ... တကယ်ကို ကြားနေရတာ၊ မာမီ မယုံရင် လိုက်ကြည့်ပါလား"

ဒေါ်မိမိကြီးဟာ အိပ်ရာထက်က ထ,ပြီး မိမိမော်နောက် လိုက်ခဲ့တယ်။

မိမိမော်ရဲ့ အခန်းထဲရောက်တော့ တစ်ခန်းလုံး တိတ်ဆိတ်နေတယ်။

ဒါကြောင့် ...

"ဘာသံမှလည်းမကြားရပါလား၊ ညည်းအကောင်ရဲ့ ကျက်သရေမရှိတဲ့ အကျိုးကြီးက ခြောက်လှန့်နေလားမှ မသိဘဲ ...၊ ညည်း ... ငါ စိတ်ဆိုးနေတယ်ထင်လို့ မဟုတ်တရုတ်တွေ လျှောက်ပြောပြီး ငါ့စိတ်ကို ပျော့အောင်လုပ်နေ တာလား မိမော် ... မရဘူးဟေ့ မရဘူး၊ နင့်အကောင်ကို စိတ်ကုန်သွားတာ၊ ငါ့ဆုံးဖြတ်ချက်ကို လုံးဝမပြင်ဘူး ... ညည်း မှတ်ထား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိကြီးဟာ မကျေမချမ်း ရေရွတ်ရင်း ခြေဆောင့်နင်းထွက်သွားတယ်။

မိမိမော်တစ်ယောက် မျက်နှာကြက်ပြားကို မော့ကြည့်ရင်း ဇဝေဇဝါဖြစ်ရင်း ကျန်ရစ်ခဲ့တယ်။

❒ ❒ ❒

''မိမိမော် ဘာဆက်ဖြစ်ဦးမလဲ?''

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

လမိုက်ည တစ်ည ...

မိမိဖော် တစ်ယောက် နှစ်ခြိုက်စွာ အိပ်မောကျနေတယ်။

ညအိပ်မီးရဲ့ အလင်းရောင်မှိန်ပျပျကလွဲရင် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေချိန် ...

အေးစက်စက်လက်တစ်စုံရဲ့ လှုပ်နှိုးမှုကြောင့် သူမမျက် လုံးတွေ ပွင့်လာတယ်။

ညအိပ်မီးရဲ့ အလင်းရောင်အောက်

www.burmeseclassic.com

www.burmeseclassic.com


မားမားကြီးရပ်နေတဲ့ အရိပ်တစ်ခု။

သူမ ... နားထင်သွေးတွေ ဒိန်းခနဲ ဆောင့်သွားပြီး ဆတ်ခနဲ ထထိုင်လိုက်တယ်။

အရိပ်ကြီးဟာ ခုတင်ခြေရင်းကနေ ခေါင်းရင်းဘက်ကို တရွေ့ရွေ့ ရွေ့လျားလာတယ်။

သူမ ဘာအသံမှ မထွက်နိုင်လောက်အောင် တုန်လှုပ်နေမိစဉ်မှာပဲ ...

"နင်ဟာ ... အဆိုးရွားဆုံး ကံကြမ္မာတွေနဲ့ ရင်ဆိုင်ရတော့မယ်၊ နင့်ရဲ့ဘဝမှာ လိပ်ပြာလွင့်မတတ် တုန်လှုပ်ဖွယ်ရာတွေနဲ့ ကြုံတွေ့ရတော့မယ်၊ တုန်လှုပ်ဖွယ်ရာတွေ တွေ့ကြုံပြီးရင် နင်ဟာ လိပ်ပြာနှုတ်ခြင်း ခံရတော့မယ် ... ခံရတော့မယ် ... ခံရတော့မယ်"

ကြောက်မက်ဖွယ်ကောင်းတဲ့ အသံကြီးကြောင့် သူမ အကြီးအကျယ် ထိတ်လန့်သွားတယ်။

နံရံထောင့်ကို သွေးရူးသွေးတန်း တိုးကပ်ရင်း ...

"မဟုတ်ဘူး မဟုတ်ဘူး ... မလာနဲ့ မလာနဲ့ ...



သွား ... သွား"

လို့ ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

'ဒုန်း ... ဒုန်း ... ဒုန်း'

"မိမော် ... တံခါးဖွင့်စမ်း ... ဖွင့်စမ်း"

တံခါးထုနက်သံကြောင့် အရိပ်ကြီးဟာ ရုတ်ခြည်းဆိုသလို ပျောက်ကွယ်သွားတယ်။

သူမ အိပ်ရာပေါ်က ပြေးဆင်းပြီး တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်တယ်။

ဒေါ်မိမိကြီးဟာ ချွေးသီးချွေးပေါက်ကျပြီး အထိတ်တလန့်ဖြစ်နေတဲ့ သမီးဖြစ်သူရဲ့မျက်နှာကို ကြည့်ရင်း ...

"ဟဲ့ ... အချိန်မတော်ကြီး ဘာတွေအော်နေတာလဲ၊ မအေ သွေးတိုးနေတာ နင် နားမလည်ဘူးလား၊ ရင်ကို ထိတ်သွားတာပဲ"

လို့ ငေါက်သလို ပြောလိုက်တယ်။

မိမိမော်က ကြောက်ရွံ့တကြီးဟန်နဲ့ ...

"အ ... အရိပ်ကြီး ... အရိပ်ကြီး တွေ့လိုက်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မိ ... မိကို စကားတွေ လာပြောနေတယ် မာမီ ... မိ ကြောက်တယ်၊ မာမီ လာအိပ်ပေးနော်”

လို့ မိခင်ရဲ့လက်ကို ဆွဲလှုပ်ရင်း ပြောလိုက်တယ်။

ဒေါ်မိမိကြီးက စက္ကူဘူးအဖြူရောင်ထားတဲ့နေရာကို လျှောက်သွားတယ်။

ဘူးရဲ့အဖုံးကို ဖွင့်လိုက်ရင်း ...

“ဒီအင်္ကျီကို သေချာကြည့်စမ်း မိမော် ... ငါ ဒီ အင်္ကျီကို စ,မြင်လိုက်ချိန်မှာ ကြက်သီးတွေ ထသွားရ တယ်၊ အင်္ကျီကိုကြည့်ရတာ အဖြူရောင်ကနေ အဝါ ရောင်ဘက်တောင် သမ်းနေပြီ၊ ပြီးတော့ အကြာကြီး ခေါက်သိမ်းထားတဲ့အတွက် မှိုနံ့တွေတောင် နံ့နေတယ်၊

ကြည့်ရတာ ... ဟိုအရိုင်းအစိုင်းကောင်ရဲ့ အဘွား အင်္ကျီလား မသိဘူး၊ အဘွားကြီးက သူ့အင်္ကျီကိုစွဲလမ်း ပြီး မကျွတ်လွတ်တာဘဲ ဖြစ်ရမယ်”

မိခင်ရဲ့အပြောကြောင့် သူမဟာ ပိုပြီး ကြောက်ရွံ့သွား တယ်။



“မာမီကလည်း ... ကြောက်ပါတယ်ဆိုမှ ပိုပြီး ကြောက်အောင် ပြောနေတယ်၊ မိ ကြောက်လည်း ကြောက်တယ်၊ အိပ်လည်းအိပ်ချင်နေပြီ မာမီရဲ့၊ အိပ်ကြ ရအောင်နော်”

မိခင်နဲ့အတူ အိပ်ရာဝင်ခဲ့ပေမယ့် သူမရဲ့အာရုံမှာတော့ အရိပ်မည်းကြီးရဲ့ ချောက်ချားဖွယ်ကောင်းတဲ့အသံကိုသာ ကြား ယောင်နေမိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"အရိပ်မည်းကြီးက တကယ်လား?"

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com


" ဗ ပြီးသေးဘူးလား မာမီ … မိတ်ကပ်ဆရာနဲ့ ချိန်းထားတာ နောက်ကျနေပြီ … မြန်မြန်လုပ်လေ"

မိမိမော်ဟာ လက်ကိုင်အိတ်ကို ကောက်ကိုင်ရင်း လှမ်းပြောလိုက်တယ်။

ဒေါ်မိမိကြီးတစ်ယောက် ကြော့နေအောင် ပြင်ဆင်ပြီး ထွက်လာတယ်။

"ပြီးပါပြီအေ … ဒီမှာ ဆံပင်အမောက်ကို ကော်ရည်ဆွတ်နေလို့ပါ၊ ဟဲ့ … ညည်းဝတ်ရမယ့် အကောင်းစား သတို့သမီးအင်္ကျီကို တစ်ခါတည်းယူခဲ့"

"ဘာလို့ယူခဲ့ရမှာလဲ မာမီရဲ့ … မိတ်ကပ်ဆရာနဲ့ သွားတွေ့မှာ အင်္ကျီလိုလို့လား"

ဒေါ်မိမိကြီးဟာ မျက်နှာကို မဲ့ရွဲ့လိုက်ရင်း …

"ညည်းရဲ့အင်္ကျီက ကောင်းလွန်းလို့ ပင်မင်းဆိုင်ပို့မလို့အေ့၊ ခုနစ်ဆွေး ရှစ်ဆွေးနဲ့ အောက်နံ့ထွက်နေတဲ့ အင်္ကျီကို မင်္ဂလာပွဲနေ့မှ ဝတ်ရင် … ညည်း အသက်ရှူရပ်ပြီး သေမှာစိုးလို့ … သိပြီလား"

လို့ ပြောလိုက်တယ်။

မိမိမော်ဟာ မိခင်ကို ဘာမှမပြောတော့ဘဲ အခန်းထဲပြန်ဝင်ပြီး စက္ကူဘူးကို ယူလိုက်တယ်။

ပြီးတဲ့အခါ သားအမိနှစ်ယောက်သား ဖယ်မလီယာကားလေးနဲ့ ထွက်ခဲ့ကြတယ်။

လမ်း (၃၀)မှာရှိတဲ့ အပ်နေကျ ပင်မင်းဆိုင်ရှေ့ရောက်တော့ သူမ ကားပေါ်ကဆင်းပြီး ဆိုင်ထဲဝင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com


ပင်မင်းဆိုင်ရှင် ကုလားကြီးက သူမကိုတွေ့တဲ့အခါ ဝမ်းသာအားရနဲ့ ...

"အလို ... ကောင်မလေး မလာတာကြာပြီနော်၊ အထည်တွေ အများကြီးပါလား၊ ရာဂျူးဆိုင်ကိုရောက်ရင် ညစ်နေတာတွေအကုန်လုံး ရာဂျူးရဲ့သွားလိုပဲ ဖြူဖွေးသွားစေရမယ်"

လို့ လှမ်းပြောတယ်။

သူမက စက္ကူဘူးအဖြူရောင်လေးကို ကောင်တာပေါ်တင်ပေးရင်း ...

"အများကြီး လျှော်စရာမရှိဘူး ရာဂျူးရဲ့၊ ဒါလေးကိုပဲ သေချာလုပ်ပေးနော် ... အရေးကြီးလို့ပါရှင်"

လို့ ပြောလိုက်တဲ့အခါ ကုလားအဘိုးကြီးက ဘူးကိုဖွင့်ကြည့်ရင်း ...

"အင်္ကျီက အတော်ကြာပြီပဲ၊ အရောင်တောင် ဝါကြင့်ကြင့် ဖြစ်နေပြီ၊ ကျောက်တွေလည်း ပါသေးတယ်၊ စိတ်ချ ... ရာဂျူးတို့ သေချာကို လျှော်ပေးမယ်၊ ကောင်မလေး ... ဒါ နင့်အဘွားအင်္ကျီလား"

လို့ မေးလိုက်တယ်။

သူမ ခေါင်းခါယမ်းပြီး ...

"မဟုတ်ဘူး ရာဂျူးရဲ့ ... ဒါက ကျွန်မရဲ့ သတို့သမီးအင်္ကျီလေ၊ မင်္ဂလာပွဲနေ့ကျရင် ဝတ်ရမှာ၊ ဒါကြောင့် အရေးကြီးလို့ ရာဂျူးဆီလာအပ်တာပေါ့"

ကုလားအဘိုးကြီးဟာ မျက်လုံးပြူးသွားပြီး ...

"ကောင်မလေးနော် ... နင်တို့ ငွေတွေအများကြီး ချမ်းသာတာ ငါသိတယ်၊ နင်တို့လိုအသိုင်းအဝိုင်းက နှစ်ချို့နေတဲ့ ရင်ဖုံးအင်္ကျီကို မင်္ဂလာပွဲမှာ မဝတ်ဘူးဆိုတာ ငါသိနေတယ်၊ ငါ့ကို မနောက်ပါနဲ့ ကောင်မလေး"

လို့ ယုံကြည်မှုကင်းမဲ့စွာ ပြောလာတယ်။

မိမိမော်ဟာ လေကြောရှည်တဲ့ ရာဂျူးကြီးကို စိတ်ပျက်သွားပြီး ...

"ကဲပါ ရာဂျူးရယ် ... စာရင်းသာ မှတ်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့၊ ဒီမှာ ငွေတစ်ပါတည်း ပေးခဲ့မယ်၊ ကျွန်မ သွားစရာရှိသေးလို့ ခွင့်ပြုပါဦး"

လို့ စကားစဖြတ်ပြီး ခပ်သုတ်သုတ် ထွက်ခဲ့တယ်။

ပင်မင်းဆိုင်ပိုင်ရှင် ရာဂျူးကြီးဟာ မိမိမော်ကိုတစ်လှည့်၊ ဘူးထဲက အင်္ကျီလေးကို တစ်လှည့်ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်ကျန်ရစ်ခဲ့တယ်။

❒❒❒

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

**ပင်မြင်း** ဆိုင်မှာ ညအိပ်တဲ့ ရာဂျူးရဲ့တူ ဆာမိတစ်ယောက် လက်ဖက်ရည်ချိုင့်လေးဆွဲရင်း ဆိုင်တံခါးကို သော့ဖွင့်ဝင်လိုက်တယ်။

ဆာမိတစ်ယောက် လေတချွန်ချွန်နဲ့ ထမင်းစားခန်းဆီ လျှောက်ခဲ့တယ်။

ပြီးတော့ မီးဖိုကို ပလပ်တပ်လိုက်ပြီး ဒန်ချိုင့်လေးကို တင်လိုက်တယ်။



ဆာမိဟာ မီးဖိုချောင်မှာတွေ့ရတဲ့ မဂ္ဂဇင်းတစ်အုပ်ကို လှမ်းယူပြီး အိမ်သာထဲဝင်ခဲ့တယ်။

စာအုပ်ဖတ်ရင်း အိမ်သာတက်နေစဉ်မှာပဲ ...

'ဒုံ ... ဝှမ် ... ဝှမ် ... ဝှမ်'

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ဒါကြောင့် ကိစ္စကို အပြီးသတ်ပြီး အိမ်သာထဲက ထွက်ခဲ့တယ်။

မီးဖိုချောင်ကို မျက်လုံးဝေ့ကြည့်တဲ့အခါ ဘာပစ္စည်းမှ ပြုတ်မကျဘူး။

"ဟာ ... တစ်ခုခု ပြုတ်ကျသံကို နားနဲ့ဆတ်ဆတ်ကြီး ကြားလိုက်ရပါတယ်၊ ဘာမှလည်း မကျပါလား၊ ဧကန္တ ... ကြောင်ဝင်ပြန်ပြီထင်တယ်၊ ဦးလေးက ကြောင်ဆို သိပ်ရွံတာ၊ ကြောင်ချေးပါသွားရင်တော့ ငါ ဘုံပျောက်ပြီပဲ၊ မဖြစ်ဘူး ... ကြောင်စုတ်ကို တွေ့အောင် ရှာရမယ်"

ဆာမိဟာ တစ်ယောက်တည်း ရေရွတ်ရင်း အခန်းအနှံ့

www.burmeseclassic.com

www.burmeseclassic.com


ကြောင်ကို လိုက်ရှာတယ်။

သူဟာ ကြောင်ကို တိတ်တဆိတ် ချောင်းမြောင်းရှာဖွေရင်း အပ်ထည်အဝတ်တွေထားတဲ့အခန်းရှေ့ ရောက်သွားတယ်။

ဒီအချိန်မှာပဲ ...

'ရှပ် ... ရှပ် ... ရှပ်

ရှပ် ... ရှပ် ... ရှပ်'

သဲ့သဲ့မျှကြားရတဲ့ ရှပ်တိုက်သွားသံကြောင့် ဆာမိတစ်ယောက် မျက်မှောင်ကြုတ်သွားတယ်။

"သေချာပြီ ... ဒီကောင် အခန်းထဲ ရောက်နေပြီ၊ အဝတ်တွေပေါ် ချေးပါသွားရင်တော့ ဦးလေးနဲ့ငါ ရှင်းမရအောင် ပြဿနာကြီးပြီ၊ တွေ့ကြသေးတာပေါ့ ကြောက်စုတ်ရာ"

ဆာမိဟာ စိတ်တွင်းမှ ကြုံးဝါးရင်း အခန်းတံခါးကို ဆွဲဖွင့်လိုက်တယ်။

တစ်ခန်းလုံး မှောင်မည်းနေတာကြောင့် နံရံမှာရှိတဲ့ မီးခလုတ်ကို လှမ်းဖွင့်လိုက်တယ်။



တစ်ခန်းလုံး လင်းထိန်သွားချိန်မှာတော့ ...

'ရှပ် ... ရှပ် ... ရှပ် ... ရှပ်'

တံခါးရဲ့အပြင်ဘက်က ထွက်ပေါ်လာတဲ့ ရှပ်တိုက်သံကြီး ...။

သူ ခေါင်းနားပန်းကြီးသွားပြီး ...

"နေပါဦးဟ ... ကြောင်က ရှပ်တိုက်မသွားပါဘူး၊ ငါ အခန်းထဲရောက်တော့ အပြင်က ကြားရပြန်ပြီ၊ ငါ့ ... ငါ့ကို ရှိုက်တန်များ ခြောက်လှန့်ပြီလား"

လို့ တွေးမိရင်း မျက်လုံးပြူးသွားတယ်။

ဆာမိတစ်ယောက် ကြောက်ကြောက်နဲ့ပဲ တံခါးကို ဖြည်းဖြည်းချင်း ဆွဲဖွင့်လိုက်တယ်။

ချောက်ချားတဲ့စိတ်နဲ့အတူ လူသွားလမ်းတစ်လျှောက်လုံး ရှာဖွေလိုက်ပေမယ့် ဘာမှမတွေ့ရဘူး။

ဒီအချိန်မှာပဲ အဝတ်ထားတဲ့ အခန်းတံခါးဟာ 'ဒုန်း'ခနဲ ဆောင့်ပိတ်သွားတယ်။

သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး နောက်လှည့်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်မိတဲ့အခါ ...

တံခါးရဲ့ မားမားကြီးရပ်နေတဲ့ ဆံပင်ဖားလျားနဲ့ အဖြူ ရောင်အရိပ်ကြီးကို ဖြန်းခနဲ တွေ့လိုက်ရတယ်။

"ဟင် ... ရှိုက်တန် ရှိုက်တန်မ ... အမယ်လေးဗျ"

ဆာမိတစ်ယောက် ငယ်သံပါအောင် အော်ဟစ်ပြီး ဆိုင် ရဲ့အပြင်ဘက်ကို ပြေးထွက်သွားတယ်။

ပင်မင်းဆိုင်ရဲ့ မီးဖိုခန်းမှာတော့ မီးဖိုပေါ်တင်ထားတဲ့ လက်ဖက်ရည်ချိုင့်ဟာ ခန်းခြောက်ပြီး အငွေ့တလူလူထွက်နေ ပြီ။

□□□

"ပင်မင်းဆိုင်မှာ ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

အရှေ့တက်ခါနီးအချိန် ...

"ကလင် ... ကလင် ... ကလင်"

အဆက်မပြတ်မြည်လာသော တယ်လီဖုန်းသံကြောင့် မိမိမော်ဟာ လန့်နိုးသွားပြီး တယ်လီဖုန်းခွက်ကို လှမ်းကိုင်လိုက်တယ်။

"အေး ... ယု ပြောလေ ... ငါပါ၊ အချိန်မတော်ကြီး ဘာဖြစ်လို့လဲ၊ ဘာ ... နင်တို့ဘက်မှာ မီးလောင်လို့ ... ဟုတ်လား၊ အရမ်းနီးလား ယု"

www.burmeseclassic.com

www.burmeseclassic.com



"..........."

"ဩော် ... အေး အေး ... ဒါဆိုလည်း ငါ စိတ်မပူတော့ပါဘူး"

"..........."

"အင်း အင်း ... နောက်မှတွေ့မယ်နော်"

သူမ တယ်လီဖုန်းပြောပြီးချိန်မှာပဲ မိခင်ဖြစ်သူဟာ အိပ်မှုန်စုန်မွှားနဲ့ ရောက်လာပြီး ...

"ဘယ်က ဖုန်းလဲ မိမော်"

"ယုဆက်တာ မာမီ ... သူတို့ဘက်မှာ မီးလောင်လို့တဲ့၊ သူတို့အိမ်နဲ့တော့ ဝေးပါတယ်၊ ဟင် ... သူ ... သူတို့ဘက်က လမ်းသုံးဆယ်ဘက်ပဲ၊ ဒါ ... ဒါဆို ပင်မင်းဆိုင် ..."

သူမ အထိတ်တလန့် ရေရွတ်ရင်း ကားသော့ကို ပြေးယူလိုက်တယ်။

"ဟဲ့ ... ဘယ်သွားမလို့လဲ၊ နေဦး ... ငါလည်း လိုက်ခဲ့မယ်"



ဒေါ်မိမိကြီးတစ်ယောက် မိမိမော်နောက် အပြေးလိုက်သွားတယ်။

သူမဟာ ကားကို တရကြမ်းမောင်းထွက်ခဲ့တယ်။

မြို့ထဲဘက်ကိုရောက်တော့ ကားလမ်းပိတ်ထားတာတွေ့ရတယ်။

ဒါကြောင့် ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပြီး လမ်းသုံးဆယ်ဘက် အပြေးတစ်ပိုင်း လျှောက်သွားတယ်။

လမ်းသုံးဆယ်ဘက် လှမ်းကြည့်လိုက်တဲ့အခါ မီးနိုးတလူလူထွက်နေတာ တွေ့ရတယ်။

သူမတို့ဟာ လူအုပ်ကြီးထဲ တိုးဝှေ့ပြီး ဝင်ခဲ့ကြတယ်။

"မီးဇွယ်ကတော့ ကျိုးသွားပြီဗျို့၊ ရာဂျူးပင်မင်းဆိုင် မီးထဲပါသွားတယ်၊ ဆိုင်ရှင်အဘိုးကြီးဆို ရူးမတတ် ဖြစ်နေပြီ"

လူတစ်စု ပြောနေတဲ့အသံကြောင့် သူမ အကြီးအကျယ်ရင်ထိတ်သွားတယ်။

ဒါကို ကြားလိုက်တဲ့ ဒေါ်မိမိကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ... ပင်မင်းဆိုင်မီးလောင်ရင် ဟို ... မကောင်းဆိုးဝါးအကျိုကို နှင်ဝတ်စရာ မလိုတော့ဘူး၊ မင်္ဂလာဝတ်စုံအတွက် ငါတို့ စီစဉ်လို့ရပြီ"

လို့ စာနာမှုမဲ့စွာ ပြောလိုက်တယ်။

မိမိမော်ဟာ အပြေးတစ်ပိုင်းသွားနေရာက ...

"အဲလိုတော့ မပြောပါနဲ့ မာမီ၊ အဲဒီအကျီလေးဟာ ကိုနိုင့်အတွက် တန်ဖိုးရှိတဲ့အရာပါ၊ ကိုနိုင်တန်ဖိုးထား တဲ့အရာဆို မိအတွက်လည်း တန်ဖိုးရှိတယ် မာမီ"

လို့ပြောလိုက်တဲ့အခါ ဒေါ်မိမိကြီးရဲ့မျက်နှာ ရှုံ့မဲ့သွားပြီး

"အမယ်လေးနော် ... ရတောင်မရသေးဘူး ... လင် ဘက်က ပါနေပြီ၊ ညည်းလိုသမီးမျိုး အမွေပြတ်ဖို့ ဆုံး ဖြတ်တာ ငါ မမှားဘူး၊ စိတ်ကူးယဉ်မနေနဲ့ မိမော် ... ခုချိန်ဆို ညည်းရဲ့အကျီဟာ ပြာကျနေလောက်ပြီ"

လို့ ပြောလိုက်တယ်။

ပင်မင်းဆိုင်ရှေ့ရောက်တဲ့အခါ မျက်နှာမသာမယာဖြစ် နေတဲ့ ရာဂျူးကြီးကို တွေ့ရတယ်။



မိမိမော်ဟာ ရာဂျူးကြီးရှိရာ လျှောက်သွားရင်း ...

"ဘယ်လိုဖြစ်တာလဲ ရာဂျူးရယ် ... စိတ်မကောင်း လိုက်တာရှင်"

လို့ ရေရွတ်လိုက်တယ်။ ရာဂျူးကြီးက ကတုန်ကယင် အသံနဲ့ ...

"မြင်တဲ့အတိုင်းပဲ ကောင်မလေးရယ် ... ကျုပ်ရဲ့တူ ဆာမိလေ လက်ဖက်ရည်ချိုင့်ကို နွေးရင်း ဆိုင်ပြင်ထွက် သွားတာ အဲဒီကနေ မီးစလောင်တော့တာပဲ၊ ဒီကောင့်ကို ဆိုင်မှာ အိပ်ခွင့်ပေးမိတာကိုက ကျုပ်အမှားပါ"

လို့ ပြောတယ်။

"အာ ... ဦးလေးကလည်းဗျာ ကျုပ်က ဆိုင်အပြင် ကို ထွက်ချင်လို့ထွက်တာ မဟုတ်ဘူး၊ တစ္ဆေအခြောက် ခံရလို့ပါ၊ မရည်ရွယ်ဘဲ ဖြစ်သွားတာပါဗျ"

လူငယ်ရဲ့စကားကြောင့် ဒေါ်မိမိကြီးဟာ စိတ်ဝင်စား သွားပြီး ...

"ဘယ်လို ... တစ္ဆေအခြောက်ခံရတယ် ... ဟုတ်

www.burmeseclassic.com

www.burmeseclassic.com


လား ... ဟုတ်ရဲ့လားကွယ်"

လို့ မေးလိုက်တယ်။

ဒေါ်မိမိကြီးရဲ့အမေးကြောင့် လူငယ်ရဲ့မျက်နှာ တင်းမာသွားပြီး ...

"ဒီမယ် အဒေါ်ကြီး ... ကျုပ်တို့က ဥပုသ်လတိုင်း ဥပုသ်စောင့်တဲ့လူတွေဗျ၊ မုသာဝါဒကံကို လုံအောင် ထိန်းတယ်၊ ကျုပ် တကယ်ကို အခြောက်ခံရတာ၊

လို့ အစချီရင်း သူ ခြောက်လှန့်ခံရတဲ့အကြောင်းကို ပြောပြလိုက်တယ်။

❒❒❒

"ကျောက်စီထားတဲ့ အင်္ကျီ···
မီးထဲ ပါသွားပြီလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

"ပင်မင်းဆိုင် မီးလောင်မှုဖြစ်တာ သာမန်မဟုတ်ဘူး၊ ဒါဟာ ဟို မကောင်းဆိုးရွားအကျိုးကြောင့်ပဲ၊ အဲဒီအကျိုး အိမ်ကို စရောက်တည်းက ငါ့စိတ်ထဲမှာ သတိတာမဟုတ်ဘူး၊ ခုတော့ ကောင်းတယ် ... မီးထဲပါသွားပြီ၊ သတို့သမီးဝတ်စုံကို ငါတို့စိတ်တိုင်းကျ လုပ်လို့ရပြီ မိမော်"

မိခင်ဖြစ်သူရဲ့တစ်ယူသန်ပြောတဲ့စကားကြောင့် သူမက

www.burmeseclassic.com

www.burmeseclassic.com

"ကိုနိုင်သာ အကျီနဲ့ပတ်သက်တဲ့အကြောင်းသိရင် စိတ်ထိခိုက်မှာ သေချာတယ်၊ သူ့အဖေ နောက်ဆုံးပေးခဲ့တဲ့ပစ္စည်းဆိုပြီး ဒီအကျီလေးပေါ်မှာ သူ သံယောဇဉ် သိပ်ကြီးတာ၊ မိတော့ ဘယ်လိုရှင်းရမှန်းတောင်မသိဘူး"

လို့ မျက်နှာမသာမယာနဲ့ ပြောလိုက်တယ်။

"အိုအေ အဓိပ္ပာယ်မရှိလိုက်တာ၊ ညည်းအကောင်ကို ဖုန်းဆက်ပြီး အကျီအကြောင်းပြောပြလိုက်၊ မင်္ဂလာရက်က နီးနေပြီ၊ ဝတ်စုံအမြန်ချုပ်မှ ရမယ်၊ ညည်းမပြောရင်တော့ ငါကိုယ်တိုင် ပြောရလိမ့်မယ်"

ပြောပြောဆိုဆို ဒေါ်မိမိကြီးဟာ တယ်လီဖုန်းစင်ရှိရာ လျှောက်သွားတယ်။

ဒီအချိန်မှာပဲ အိမ်ရှေ့က ကားသံကြားလိုက်ရတယ်။ မိမိမော်ဟာ ကားသံကြောင့် ထွက်ကြည့်လိုက်တဲ့အခါ–

"ဟင် ... ကိုနိုင်"

ရန်နိုင်က ကားထဲမှ ထွက်ရင်း ...

"ဘယ်လိုဖြစ်တာလဲ မိရယ် ... ကိုနိုင့်ကိုမြင်တာ



ဒီလောက်ထိပဲ အံ့ဩရသလား၊ ဒီမှာ ကိုယ်ဝတ်မယ့် သတို့သားဝတ်စုံ လာပြတာလေ"

လို့ ပြောလိုက်တယ်။ ပြီးတော့ လက်ဆွဲအိတ်တစ်လုံးကို သူမဆီ လှမ်းပေးတယ်။

"ကိုနိုင့်ကို မိ ပြောစရာရှိတယ်"

"ပြောလေ မိရဲ့ ... ဘာလဲ"

နှစ်ယောက်သား စကားပြောရင်း ဧည့်ခန်းထဲ ဝင်ခဲ့ကြတယ်။

ဒေါ်မိမိကြီးက ရန်နိုင့်ကို မြင်တဲ့အခါ မျက်နှာထိ မျက်နှာထားနဲ့ ...

"အတော်ပဲ ... မင်းဆီ အခုပဲ ဖုန်းဆက်မလို့၊ မင်းရဲ့ အကောင်းစားသတို့သမီးအကျီတော့ မီးထဲပါသွားပြီ၊ ဒီတော့ ... ငါ့သမီး ဝတ်ရမယ့် ဝတ်စုံကို ငါပဲ စီစဉ်မယ်"

လို့ ပြောလိုက်တယ်။

ဒေါ်မိမိကြီးရဲ့အပြောကြောင့် ရန်နိုင်တစ်ယောက် အံ့ဩထိတ်လန့်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com


“ဗျာ ... အကျီက မီးထဲပါသွားပြီ ... ဟုတ်လား၊ ဟင် ... ဘယ်လိုဖြစ်တာလဲဗျာ”

လို့ အသံကျယ်ကြီးနဲ့ ပြန်မေးလိုက်တယ်။

မိမိမော်က အကျီကို ပင်မင်းဆိုင်အပ်ခဲ့တဲ့အကြောင်း ရှင်းပြလိုက်တယ်။

“မဟုတ်ဘူး ... ဒီလိုဖြစ်လို့ လုံးဝမရဘူး၊ ဒီအကျီဟာ ကျုပ်အဖေရဲ့ နောက်ဆုံးပစ္စည်းဗျ၊ အဓိပ္ပာယ် လုံးဝ မရှိဘူး၊ ဒါဟာ အန်တီတို့ သက်သက်မဲ့ လုပ်ကြံပြော နေတာ မဟုတ်လား”

ရန်နိုင်ရဲ့ ဒေါသတကြီး အော်ဟစ်သံကြောင့် ဒေါ်မိမိကြီးက ...

“ဟဲ့ ... နင့်ကို လုပ်ကြံပြောရအောင် ငါက ဘာရမှာမို့လို့လဲ၊ အစုတ်အပြတ်အကျီတစ်ထည်နဲ့များ ငါ့ကို အော်လား,ငေါက်လားနဲ့၊ နင် ဘာလုပ်ချင်သလဲ၊ ပြောစမ်း ... နင် ဘာဖြစ်ချင်သလဲ”

“ဘာဖြစ်ချင်ရမှာလဲဗျ ... အန်တီပြောတဲ့ မီးထဲပါသွားတယ်ဆိုတဲ့ ကိစ္စကို ကျုပ် လုံးဝမယုံဘူး၊ ဒီမယ် အန်တီ ... လူကြီးပီပီ ဝန်ခံလိုက်စမ်းပါ၊ အန်တီတို့ စိတ်တိုင်းကျ သတို့သမီးအကျီ စီစဉ်ချင်လို့ လုပ်ကြံ ပြောတာမဟုတ်လား”

တဖြည်းဖြည်း တင်းမာလာတဲ့အခြေအနေကြောင့် မိမိမော်တစ်ယောက် ဘယ်သူ့ဘက်က ဝင်ပြောရမှန်းမသိအောင် စိတ်ညစ်ညူးသွားတယ်။

ဒီအချိန်မှာပဲ အိမ်ရှေ့စင်ဝင်အောက်ကို ဂျစ်ကားတစ်စီး ထိုးဆိုက်လာတယ်။

ဒေါ်မိမိကြီးနဲ့ ရန်နိုင်ဟာ မကျေမချမ်းအမူအရာတွေနဲ့ လှမ်းကြည့်လိုက်ကြတယ်။

မိမိမော်ဟာ အိမ်ထဲဝင်လာသူတွေကိုကြည့်ရင်း မျက်လုံး ပြူးသွားပြီး ...

“ဟင် ... ရာဂျူးပါလား”

လို့ တအံ့တသြ ရေရွတ်လိုက်တယ်။

ရာဂျူးကြီးနဲ့ ဆာမိက ဆိုဖာခုံမှာ ဝင်ထိုင်ရင်း လက်မှာ

www.burmeseclassic.com

www.burmeseclassic.com

ကိုင်ထားတဲ့ သားရေပျော့အိတ်ကို စားပွဲပေါ်တင်လိုက်တယ်။

ရာဂျူးကြီးက မိမိမော်တို့ကို ကြည့်ရင်း ...

"ကံတရားဟာ သိပ်ဆန်းကြယ်တယ်ဆိုတဲ့စကား ကို ကျုပ် ယုံသွားပြီ ကောင်မလေး၊ ကျုပ်ရဲ့ပင်မရှိုးဆိုင် ကြီး မီးလောင်မှုမှာ ဘာပစ္စည်းမှ ပြန်မရလောက်အောင် ကျုပ်ဆုံးရှုံးခဲ့ရတယ်၊ ကျုပ်ရဲ့ ဆိုင်နေရာတစ်ခုလုံး မီး လောင်ပြင်ကြီးဖြစ်သွားခဲ့တယ်၊ တစ်ဝက်တစ်ပျက် လောင်ကျွမ်းနေတဲ့ ထုပ်တန်းတွေ, ပြာမည်းမည်းကြီး တွေရဲ့ကြားက ဒါတစ်ခုတော့ ကျုပ် ပြန်ရလိုက်တယ်"

လို့ ပြောပြီး သားရေပျော့အိတ်ကို မိမိမော်ကို ရှေ့ထိုး ပေးလိုက်တယ်။

ရာဂျူးကြီးရဲ့စကားကြောင့် သူမတို့အားလုံး အိတ်ဆီ အကြည့်ရောက်သွားရင်း စိတ်ဝင်စားသွားကြတယ်။

မိမိမော်က အိတ်ကို ဆွဲယူရင်း ဖွင့်ကြည့်လိုက်တဲ့အခါ မီးခိုးမှိုင်းတွေ တက်နေတဲ့ ဘူးတစ်ခုကို တွေ့ရတယ်။

စက္ကူဘူးကို ဖွင့်ကြည့်လိုက်တဲ့အခါ အသက်ရှူရပ်မ





တတ် အံ့ဩသွားရင်း ...

"ဟင် ... သတို့သမီး အကျီလေးပါလား"

လို့ အထိတ်တလန့် ရေရွတ်လိုက်မိတယ်။

ရာဂျူးကြီးက ခေါင်းဆတ်ဆတ်ညိတ်ရင်း ...

"ဒါကြောင့် ကျုပ်ပြောတာပေါ့ ... ကံတရားဟာ သိပ်ဆန်းကြယ်တယ်လို့၊ ကျုပ်ဆိုင်မှာ အပ်ထားတဲ့ အပ်ထည်အားလုံး မီးကျွမ်းခဲ့ပေမယ့် နင့်ရဲ့ သတို့သမီး အကျီလေးက အံ့ဩဖွယ်ကောင်းလောက်အောင်ကို ဒီ အတိုင်း ရှိနေခဲ့တယ်၊ ဒါကြောင့် ငါတို့ကိုယ်တိုင် နင့်ဆီ လာပေးတာပါ ကောင်မလေး ...၊

ငါတို့ ဒီအကျီလေးကို တွေ့ရှိချိန်မှာ ငါတို့နဲ့အတူ ငါ့မိတ်ဆွေ သတင်းထောက်ပါ ရှိနေခဲ့တယ်၊ ငါ့မိတ် ဆွေဟာ ဒီအဖြစ်အပျက်ကို ထူးဆန်းအံ့ဖွယ်အနေနဲ့ သတင်းစာမှာတောင် ဖော်ပြခဲ့တယ်၊ ဒီနေ့ထုတ်သတင်း စာမှာ နင့်ရဲ့အကျီလေးနဲ့ ပတ်သက်တဲ့အကြောင်း ပါ တယ် ကောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောလိုက်တဲ့အခါ သူမ မျက်လုံးပြူးသွားပြီး ...

"ဟင် ... အဲဒီလောက်တောင်ပဲလား၊ ကျွန်မ ဒီနေ့ သတင်းစာ မဖတ်ဖြစ်တော့ မသိရသေးဘူး ... အခု ရာဂျူးကြီးလာပြောမှ သိရတာရှင့်"

လို့ ပြောလိုက်တယ်။

ပြီးတဲ့အခါမှာတော့ ပင်မင်းဆိုင်ပိုင်ရှင် ရာဂျူးကြီးဟာ သူတို့ကို နှုတ်ဆက်ပြီး ပြန်သွားတော့တယ်။

ရာဂျူးကြီး ပြန်သွားတဲ့အခါ ရန်နိုင်က ...

"ကဲ ... အခု သတို့သမီးအင်္ကျီကို ပြန်ရပြီ၊ ကျုပ်ရဲ့ မင်္ဂလာပွဲမှာ သတို့သမီးဟာ ဒီအင်္ကျီကိုပဲ ဝတ်ခွင့်ရှိတယ်၊ မိ ... ကိုယ်လည်း ပြန်မယ်"

လို့ ဒေါ်မိမိကြီးကို စောင်းငဲ့ကြည့်ရင်း ပြောလိုက်တယ်။

ဒေါ်မိမိကြီးတစ်ယောက် မျက်နှာကို မဲ့ရွဲ့ရင်း မကျေမချမ်း ကျန်ရစ်ခဲ့တယ်။

❒❒❒

"မင်္ဂလာပွဲမှာ မိမိမော်ဟာ
ကျောက်စီအင်္ကျီလေးကို
ဝတ်ရပါ့မလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

ညဥ့်သန်းခေါင်ယံအချိန် ...

"အူး ... အူး ... အူး ... အူး ...
အူး ... အူး ... အူး"

တိတ်ဆိတ်မှုကို ဖြိုခွင်းသွားတဲ့ ခွေးအူသံကြောင့် ဒေါ်မိမိကြီးတစ်ယောက် အိပ်ရာက လန့်နိုးသွားတယ်။

ခေါင်းကို လှမ်းကြည့်လိုက်တယ်။ ဓာတ်မီးလှမ်းယူပြီး ပြတင်းပေါက်ကနေ ခြံဝင်းကို လှမ်းကြည့်လိုက်တယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူမဟာ ဓာတ်မီးလွှတ်ကျမတတ် ထိတ်လန့်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ခွေးတွေအုပ်စုလိုက် ငါ့ခြံထဲကြည့်ပြီး အူနေပါလား၊ နိမိတ်မကောင်းလိုက်တာ၊ မဖြစ်ဘူး ... မိမော်ကို နှိုးရမယ်"

လို့ တွေးလိုက်တယ်။

ပြီးတော့ အိပ်ခန်းမီးကိုဖွင့်ရင်း သမီးဖြစ်သူရဲ့ အိပ်ခန်းဘက် လျှောက်ခဲ့တယ်။

မိမိမော်နဲ့ သူမရဲ့အိပ်ခန်းက ကြားမှာ အခန်းသုံးခန်းလောက်ပဲ ခြားတယ်။

သူမ ခပ်သွက်သွက်လျှောက်နေရာက ခြေလှမ်းကို နှေးလိုက်တယ်။

မိန့်ပျပျ အလင်းရောက်အောက် နံရံမှာ ပေါ်နေတဲ့ ... အရိပ်နှစ်ခု။

လမ်းလျှောက်နေတာက သူမတစ်ယောက်တည်း။

နံရံမှာပေါ်နေတာက အရိပ်နှစ်ခု ဖြစ်နေတယ်။

သူမတစ်ကိုယ်လုံး ကြက်သီး ဖျန်းခနဲ ထသွားတယ်။

အေးစက်လာတဲ့ လက်ဖျားတွေနဲ့အတူ နံရံကို လှမ်း



မကြည့်ဘဲ သွက်သွက်လျှောက်သွားတယ်။

'ဒုန်း ... ဒုန်း ... ဒုန်း'

"မိ ... မိမော် ... တံခါးဖွင့်စမ်း"

မိခင်ဖြစ်သူရဲ့အသံကြောင့် မိမိမော်တစ်ယောက် လန့်နိုးသွားတယ်။ ပြီးတော့ အိပ်ချင်မူးတူးနဲ့ တံခါးထဖွင့်ရင်း ...

"ဟင် ... ဘာလဲ မာမီရာ"

ဒေါ်မိမိကြီးက ဟထားတဲ့အခန်းတံခါးကို အတင်းတိုးဝေ့ဝင်လိုက်တယ်။

ပြီးတော့ သမီးဖြစ်သူကို ပြတင်းပေါက်ဆီ ဆွဲခေါ်သွားတယ်။

"ဟိုမှာကြည့်စမ်း ... ခွေးတွေအူနေတယ် ... တွေ့လား"

မိမိမော်က သူမ ပြရာကို အိပ်မှုန်စုံမွှားနဲ့ကြည့်ရင်း ...

"အင်းလေ ... ခွေးပဲ အူမှာပေါ့၊အိပ်ရေးပျက်တယ် မာမီရာ ... သွားတော့"

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးအူတာ မထူးဆန်းပေမယ့် ငါ့ခြံထဲကိုကြည့်ပြီး အူနေတာ ထူးဆန်းတယ်၊ ပြီးတော့ အခုလေးတင် ငါ အခြောက်ခံရတယ်"

ဒီစကားက မိမိမော်ရဲ့ အိပ်ချင်စိတ်ကို ကြက်ပျောက် ငှက်ပျောက် ပျောက်သွားစေပြီး ...

"ဘယ်လို ... အခြောက်ခံရတယ် ... ဟုတ်လား မာမီ ... ဘယ်မှာလဲ"

"ဟုတ်တယ် ... ငါ အခြောက်ခံရတယ်၊ နင့်အခန်းကို လာတုန်းက ခြောက်တာ၊ နံရံမှာ အရိပ်ကြီးတွေ့တယ်"

"မဖြစ်နိုင်တာဘဲ မာမီရာ၊ နံရံမှာ မာမို့အရိပ်ပဲ ဖြစ်မှာပေါ့၊ မိကို ကြောက်အောင် မခြောက်ပါနဲ့"

မိမိမော်ရဲ့စကားကြောင့် ဒေါ်မိမိကြီးဟာ ဒေါသတကြီး အမူအရာနဲ့ ...

"နင့်ကို ခြောက်နေတာ မဟုတ်ဘူး၊ ငါကိုယ်တိုင် အခြောက်လှန့်ခံနေရတာ၊ ဒါဟာ ဟို ... မကောင်းဆိုး



ဝါးအကျီကြောင့်ပဲ ... ဘယ်မလဲ အဲဒီအကျီ"

လို့ မေးလိုက်တဲ့အခါ မိမိမော်က ...

"ဟာ ... မာမီကလည်း တစ်ဆိတ်ရှိ ဒီအကျီပဲ ပြောနေတယ်၊ ဒီအကျီဟာ မိအတွက် အရေးကြီးတယ်လို့ ပြောပြီးပြီပဲ၊ ဘာလဲ ... မာမီက မိဗိုက်ထဲက ကလေးကို ဖအေမဲ့အောင်လုပ်နေတာလား၊ မိ ... သတ်သေပစ်လိုက်မှာနော်"

လို့ ခြိမ်းခြောက်သလို ပြောလိုက်တယ်။

ဒီစကားက ဒေါ်မိမိကြီးရဲ့အရှိက်ကို ထိသွားတယ်။ ဘာစကားမှ မပြောနိုင်အောင် အကြာကြီး ငြိမ်ကျသွားပြီးမှ ...

"နင် သေမယ့်စကား ကြပ်ကြပ်ပြောနေ၊ ငါ့သိက္ခာကိုထောက်ပြီး နင့်ကို အခွင့်အရေးတွေပေးထားတာကို ရောင့်မတက်နဲ့ ... သတိထားနေ"

လို့ ကြိမ်းမောင်းပြီး ပြန်ထွက်သွားတော့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်မီမိကြီး အခြောက်ခံရတာ
တကယ်လား?"

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

မိမိမော် တစ်ယောက် ကားစက်ကို ရပ်လိုက်ပြီး သော့ကို ဆွဲဖြုတ်လိုက်တယ်။

ပြီးတော့ သီချင်းလေး တအေးအေးနဲ့ အိမ်ထဲလှမ်းဝင်ခဲ့တယ်။

ဆိုဖာခုံပေါ် ခြေချိတ်ထိုင်ပြီး သိုးမွေးထိုးနေတဲ့ ဒေါ်မိမိကြီးဟာ သူမကို စောင်းငဲ့ကြည့်ရင်း ...

"သိပ်လည်း အပျော်လွန်မနေနဲ့၊ မင်္ဂလာပွဲပြီးတာနဲ့



ညည်းကို အမွေပြတ် စွန့်လွှတ်မယ်ဆိုတာ ခေါင်းထဲထည့်ထား မိမော်"

လို့ လှမ်းပြောတယ်။

မိမိမော်က လက်ကိုင်အိတ်ကို ဆက်တီပေါ် ပစ်တင်ရင်း မိခင်ရဲ့အနား ဝင်ထိုင်လိုက်တယ်။

"ယုံတမ်းစကားတွေ မပြောစမ်းပါနဲ့ မာမီရာ၊ မာမီ့ကို ဘယ်လောက်ချစ်သလဲဆိုတာ တစ်ဆွေလုံး တစ်မျိုးလုံး သိတယ်၊ သားအချစ် မြေးအနှစ်တဲ့ရှင့်၊ မြေးချီရတဲ့အခါ မာမီ့ကို မိက အိမ်ပေါ်က ဆင်းခိုင်းရင်တောင် မာမီ ဆင်းနိုင်တော့မှာ မဟုတ်ဘူး ...၊

ဒီမှာလေ ... ကိုနိုင် မိကို လက်ဆောင်ပေးတဲ့ ကင်မရာ၊ ခုပဲ မိတို့ ပန်းခြံထဲက ဓာတ်ပုံရိုက်လာတာ မာမီရဲ့၊ မာမီနဲ့မိလည်း တွဲရိုက်ရအောင် မာမီ ... နော်"

သူမ ပြောဆိုရင်း ကင်မရာကိုရိုက်ဖို့ ပြင်လိုက်တယ်။

"ရှုပ်ရှုပ်ယှက်ယှက်အေ ... ဓာတ်ပုံရိုက်တာ ဝါသနာမပါဘူး၊ နှင့်အကောင်ပစ္စည်းဆို ပိုတောင် ယသတိ

www.burmeseclassic.com

www.burmeseclassic.com


သေးတယ်၊ နင့်ကို ငါ တကယ်အမွေဖြတ်မှာ၊ နင် မယုံ ရင် စောင့်ကြည့်၊ မအေထက် လင်စကားကို ယုံတဲ့ဟာမ ... ဒုက္ခတွေ့မှ ငါ့မတနဲ့"

ဒေါ်မိမိကြီးဟာ မကျေမနပ်ပြောဆိုရင်း ထသွားတယ်။

မိမိမော်လည်း လက်ကိုင်အိတ်ကို ကောက်ယူပြီး အပေါ် ထပ်ကို တက်ခဲ့တယ်။

အိပ်ခန်းထဲရောက်တော့ ခုတင်ပေါ် ပစ်လှဲချပြီး ကင် မရာအသစ်လေးကို လှမ်းယူလိုက်တယ်။

ပြီးတော့ အခန်းနံရံတွေကို တဖျပ်ဖျပ် စမ်းရိုက်လိုက် တယ်။

မနက်ခင်း တစ်ပိုင်းလုံး ဗိုလ်ချုပ်ဈေးရပ်အနှံ့ ဓာတ်ပုံ ရိုက်ခဲ့တာကြောင့် သူမ ပင်ပန်းနေပြီ။

ဒါကြောင့် ကင်မရာလေးကို ဘေးချပြီး အိပ်ပျော်သွား တယ်။

"မိမိမော် ... မိမိမော် ...

ပဲ့တင်ထပ်သလို ကြားလိုက်တဲ့အသံကြောင့် သူမ ... 'အင်း' ... လို့ ညည်းညူသံနဲ့အတူ မျက်လုံးဖွင့်ကြည့်မိတယ်။

ဘီအေဆံထုံးနဲ့လှပကြော့ရှင်းနေတဲ့ မိန်းမတစ်ယောက်။

သူမ အိပ်ရာဘေး ရပ်နေတယ်။

ထိုမိန်းမရဲ့ မျက်လုံးတွေက သူမကို အစိမ်းလိုက် ဝါး စားမတတ်။

သူမဟာ ထိုသူစိမ်းမိန်းမကို ငေးကြည့်ရင်း သူမ ဝတ် ဆင်ထားတဲ့အင်္ကျီကို သတိပြုမိသွားတယ်။

ကျောက်စီထားတဲ့ ပိုးအင်္ကျီအဖြူလေး။

သူစိမ်းမိန်းမရဲ့ကိုယ်ပေါ် ရောက်နေပြီ။

"ရှင် ဘယ်သူလဲ၊ ဘာလို့ ကျွန်မအခန်းထဲ ရောက် နေသလဲ၊ ဘာလို့ ကျွန်မရဲ့ သတို့သမီးအင်္ကျီကို ဝတ် ထားတာလဲ၊ ကျွန်မရဲ့အင်္ကျီကို ပြန်ချွတ်စမ်းပါ"

သူမ ဒေါသသံစွက်ပြီး လေသံမာမာနဲ့ ပြောလိုက်တယ်။

"ဟား ဟား ဟား ... ဟား ဟား ဟား ... ရယ်ဖို့ ကောင်းလိုက်တာ၊ ဒီမယ် မိမိမော်ရဲ့ ... ဒီအင်္ကျီလေးကို ငါကလွဲရင် ဘယ်သူမှ ဝတ်ခွင့်မရှိဘူး၊ နင်ဟာ မကြာ

www.burmeseclassic.com

ခင်မှာ သေရမယ့်လူ ... အဲဒါကို နင်သိရဲ့လား ...

ဟား ... ဟား ... ဟား ... ဟား"

ရုပ်ရည်နဲ့ မလိုက်ဖက်အောင် ချောက်ချားဖွယ်ကောင်းတဲ့ အသံကြီးကြောင့် သူမ ကျောထဲ စိမ့်ခနဲဖြစ်သွားတယ်။

ဒါပေမဲ့ အကျီလေးကို ပြန်လိုချင်ဇောနဲ့ ...

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့၊ ခုချက်ချင်း ကျွန်မအကျီကို ပြန်ပေး ... ပေးစမ်းပါ"

လို့ အော်ဟစ်လိုက်တယ်။

ထိုမိန်းမက သူမကို စူးစိုက်ကြည့်ရင်း ...

"ကောင်းပြီ ... ငါပြောတာ အဓိပ္ပာယ်ရှိသလား၊ မရှိဘူးလားဆိုတာ သက်သေပြမယ် ... လာစမ်း"

လို့ အသံသြကြီးနဲ့ ပြောပြီး သူမရဲ့ ညာလက်ကို ဆတ်ခနဲ လှမ်းဆွဲတယ်။

သူမ ရုန်းကန်ဖို့ အချိန်မရလိုက်ဘဲ ခုတင်အောက်ဆင်းမိလျက်သား ဖြစ်သွားတယ်။

❐ ❐ ❐

"သူစိမ်းမိန်းမက . . .

ဘယ်လိုသက်သေပြမှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

မိမိဖော် တစ်ယောက် တယ်လီဖုန်းစင်မှာ ခေါက်တဲ့ ခေါက်ပြန် လမ်းလျှောက်ရင်း ...

"နေ့လယ်က ငါအိပ်နေတုန်း အိပ်မက်လိုလို၊ တကယ်လိုလိုကြုံခဲ့ရတဲ့ မိန်းမရဲ့အကြောင်းကို ကိုနိုင့်ကို ပြောပြလိုက်ရင် ကောင်းမလား၊ အဲဒီမိန်းမရဲ့ မျက်လုံးတွေက ငါ့တစ်ကိုယ်လုံးကို ဖောက်ထွက်လောက်အောင် စူးရှလွန်းတယ်၊ ပြီးတော့ ငါသေမယ့်အချိန်ကို သတ်

www.burmeseclassic.com

www.burmeseclassic.com



သေပြမယ်ဆိုပြီး နံရံမှာ စာရေးပြသွားတယ်၊ အဲဒီနေ့ဟာ က ငါ့ရဲ့မင်္ဂလာပွဲ ကျင်းပမယ့်နေ့ ဖြစ်နေတယ် ...၊

ငါ့ဘဝမှာ ဒီလောက်သွေးပျက်ဖို့ကောင်းတဲ့ ချောက်ချားမှုမျိုး တစ်ခါမှ မကြုံခဲ့ဖူးဘူး၊ အို ... ဘာပဲ ဖြစ်ဖြစ် ကိုနိုင့်ကိုပြောပြလိုက်တာ ကောင်းပါတယ်"

သူမ ... စိတ်ဆိုးဖြတ်ချက်ချရင်း တယ်လီဖုန်းရဲ့ဒိုင်ခွက်က ဂဏန်းတွေကို လှည့်လိုက်တယ်။

"ကိုနိုင်လား"

"......"

"ရှင် ... ဘယ်နေ့က သွားတာလဲမသိဘူး"

"......"

"သြော် ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲ၊ ဒါဆို ... ကိုနိုင် ပြန်ရောက်တာနဲ့ မိဆီ ဖုန်းပြန်ဆက်ခိုင်းပေးပါ အန်တီ"

"......"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူမ စိတ်မသက်သာစွာနဲ့ တယ်လီဖုန်းခွက်ကို ပြန်ချလိုက်တယ်။

"ဒုက္ခပါပဲ ... မင်္ဂလာရက်က နီးနေပြီ၊ ကိုနိုင်က ဘာကြောင့် ခရီးထွက်ရတာလဲ၊ ဟင်း ...ရင်မောဖို့ ကောင်းလိုက်တာ"

ခေါင်းပွင့်ထွက်မတတ် ပူလောင်လွန်းတဲ့ အတွေးတွေနဲ့ သူမဟာ ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

"အချိန်လည်း ကြည့်ဦး မိမော် ... နေ့ဝင်နေပြီ၊ ထမင်းစားချိန်ရောက်နေပြီနော်"

မိခင်ဖြစ်သူရဲ့အပြောကြောင့် သူမ ခေါင်းခါယမ်းလိုက်ရင်း ...

"စားချင်စိတ်မရှိဘူး မာမီ၊ မာမီပဲ စားလိုက်တော့"

လို့ပြောပြီး ခြံထဲ ဆင်းခဲ့တယ်။

သူမဟာ အိမ်နံဘေးမှာရှိတဲ့ စက္ကူပန်းချုံတွေကြား လမ်းလျှောက်ရင်း အခြောက်လှန့်ခံရတဲ့အကြောင်း ပြန်တွေးမိ တယ်။

"ဒီအကျီကို ငါကလွဲရင် ဘယ်သူမှ ဝတ်ခွင့်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နင်ဟာ မကြာခင်မှာ သေရမယ့်လူ ... အဲဒါကို နင် သိရဲ့လား ... သိရဲ့လား ... သိရဲ့လား"

နားထဲ ပဲ့တင်သံလို ပြန်ကြားလိုက်ရတဲ့အသံကြီးကြောင့် သူမ ကြက်သီးဖျန်းဖျန်းထပြီး ကြောက်သွားမိတယ်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မိုးစုန်းစုန်းချုပ်နေပြီ။

အေးစိမ့်လာတဲ့ အအေးဓာတ်ကြောင့် ကြက်သီးက ပိုထနေသလိုလို။ သူမ ကြောက်စိတ်ကို အားတင်းလိုက်ရင်း ...

"မဟုတ်ဘူး၊ ဒါတွေဟာ တကယ်မဟုတ်ဘူး၊ ငါ့ရဲ့စိတ်က ချောက်ချားနေလို့ပဲ၊ မာမီက ကျောက်စိအင်္ကျီလေး အိမ်ရောက်တဲ့နေ့ကတည်းက ဒီအင်္ကျီကို ကြည့်ပြီး ကြက်သီးထတယ်လို့ ပြောတယ်၊ ပြီးတော့ နံရံမှာ အရိပ်ကြီးတွေ့တယ်လို့လည်း ပြောခဲ့တယ်၊ ငါ့ရဲ့ မသိစိတ်က ဒါတွေကိုစွဲပြီး ချောက်ချားနေတာပဲ ဖြစ်ရမယ် ...၊

နံရံပေါ်က စာကလည်း အိပ်ရင်း ယောင်တဲ့သ



ဘောမျိုးနဲ့ ငါကိုယ်တိုင် ... ငါ့ရဲ့မင်္ဂလာပွဲ ကျင်းပမယ့်ရက်ကို ရေးခဲ့တာပဲ ဖြစ်မယ်၊ လောကမှာ တစ္ဆေ၊ သရဲဆိုတာ တကယ်မရှိဘူး၊ ငါ မယုံဘူး ... မယုံဘူး"

လို့ ရေရွတ်လိုက်တယ်။ ဒီအချိန်မှာပဲ ...

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

ခွေးဟောင်သံကြောင့် ခြံဝဆီ သူမ လှမ်းကြည့်လိုက်တယ်။

ဘယ်ကမှန်းမသိတဲ့ ခွေးတစ်ကောင် ... ခြံစည်းရိုးသံတိုင်အပြင်ကနေ ခြံထဲကြည့်ရင်း ထိုးဟောင်နေတယ်။

သူမ ... ခွေးဟောင်တဲ့နေရာ အကြည့်ရောက်သွားတဲ့အခါ နားထင်သွေးဆောင့်တက်မတတ် ထိတ်လန့်သွားတယ်။

ခြံထိပ်နား ပိတောက်ပင်အောက် ကျောပေးရပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့သဏ္ဌာန်။

သူမ ဘာမှမတွေးတော့ဘဲ အသံကုန်အော်လိုက်တယ်။

"မာမီ ... မာမီ"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

''မိမိမော် . . . ဘာဆက်ဖြစ်မလဲ?''

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

သူမ အသံကုန်အော်လိုက်စဉ်မှာပဲ ပိုပြီးထိတ်လန့်စ
ကောင်းတဲ့ အဖြစ်ကြီးနဲ့ ကြုံလိုက်ရတယ်။

နောက်ကျောပေးထားတဲ့ မိန်းမဟာ သူမဘက် ဖြုန်း
ခနဲ လှည့်လာတယ်။

မီးရောင်မှိန်ပျပျအောက် ထိုမိန်းမဟာ မျက်နှာပေါ် ဖရို
ရဲကျနေတဲ့ ဆံပင်တွေနဲ့အတူ သူမရှိရာ တရွေ့ရွေ့လှမ်းလာ
ယ်။



သူမ ... တင်းထားတဲ့စိတ်တွေ လျော့ကျပြီး ဒူးချင်း
တိုက်မတတ် တုန်လှုပ်သွားတယ်။

မိခင်ကို အော်ဟစ်ဖို့ ကြိုးစားပေမယ့် ကြောက်စိတ်
ကြောင့် အသံတောင် မထွက်နိုင်ရှာဘူး။

တုန်နေတဲ့ ဒူးတွေကို ဘယ်လိုမှ မထိန်းနိုင်တဲ့အတွက်
သူမ မြေပေါ် ဆောင့်ကြောင့်ထိုင်ချလိုက်တယ်။

ပြီးတော့ မျက်လုံးစုံမှိတ်ရင်း ဘုရားစာကို ကပေါက်တိ
ကပေါက်ချာ ရွတ်လိုက်မိတယ်။

နှာခေါင်းထဲ တိုးဝင်လာတဲ့ ကုလားမထီးဆောင်းရေမွှေး
နံ့ကြောင့် ...

"ဒုက္ခပဲ ... တစ္ဆေမ ငါ့အနားရောက်လာပြီ ... ငါ
ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ"

လို့ ကယောင်ချောက်ချား ရေရွတ်လိုက်မိတယ်။

ဒီအချိန်မှာပဲ သူမပခုံးကို ဖျတ်ခနဲ အပုတ်စံလိုက်ရ
တယ်။

သူမ လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားပြီ၊ 'အမယ်

www.burmeseclassic.com

www.burmeseclassic.com

လေး' လို့ ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

တစ္ဆေမရဲ့ နောက်လက်တစ်ဖက်က သူမရဲ့ ကျန်ပခုံးကို ဆုပ်ကိုင်လိုက်ရင်း ...

"မိမိမော် ... နင် ဘာဖြစ်နေတာလဲ"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

သူမဟာ ရင်းနှီးသလိုရှိနေတဲ့အသံကြောင့် ဆတ်ခနဲ တုန်သွားပြီး မော့ကြည့်မိတယ်။

"ဟင် ... ယု ... ယု"

သူမရဲ့ အထစ်ထစ် အငေါ့ငေါ့ ရေရွတ်သံကြောင့် ...

"ဟုတ်တယ်လေ ... ငါ ယုလေ၊ နင့်ကို ငါကြည့်နေတာကြာပြီ၊ နင့်ကိုကြည့်ရတာ ကြောင်တောင်တောင်နဲ့ ... ဘာဖြစ်နေတာလဲ"

သူမ ... ယုကို စူးစိုက်ကြည့်ရင်း ...

"နင် ... နင်က ဘယ်လို ခြံထဲရောက်နေတာလဲ၊ ပြီးတော့ ... ဘာလို့ ဝိတောက်ပင်အောက်မှာ ရပ်နေရတာလဲ"



လို့ မေးမိတယ်။

"ငါ နင့်ဆီက ဗိုလ်ချုပ်ပန်းခြံမှာ နင်တို့နဲ့ငါ ရိုက်ထားတဲ့ ဖလင်လိပ်ကို ကူးမလို့ လာယူတာ၊ နင်တို့လမ်းထိပ်မှာ ငါ့ကား ပျက်သွားတယ်၊ ငါ့အစ်ကိုက ဝပ်ရှော့ဆရာ သွားခေါ်နေတယ်၊ ဒါကြောင့် ငါ လမ်းလျှောက်ပြီးလာတာ၊ ဒီရောက်တော့ နင်တို့ခြံတံခါး ဖွင့်ထားတာတွေ့လို့ ဝင်လာတာ ...၊

အဲဒီမှာ ဘယ်က ခွေးမှန်းမသိဘူး ခြံတံခါးရှေ့ကနေ ငါ့ကိုကြည့်ပြီး ဟောင်နေတာ၊ ငါ ခွေးကြောက်တတ်တာ နင်လည်း အသိပဲ၊ ခွေးက အရမ်းဟောင်နေလို့ ငါလည်း ဘာလုပ်ရမှန်းမသိဘဲ သစ်ပင်အောက်မှာ ရပ်နေတာ၊ ငါ လှည့်ကြည့်လိုက်တော့ နင့်ကို တွေ့လိုက်တယ်၊ ဒါကြောင့် နင့်ဆီ ငါ လျှောက်လာတာလေ"

"ဒါဆို ... အမှောင်ကြီးထဲ နင် ဘာလို့ ဆံပင်ဖားလျားကြီး ချထားရတာလဲ"

"ဩော် ... ဒါလား၊ ငါ နင့်ဆီမလာခင်ကမှ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

လျှော်ထားတာဟာ၊ အစကတော့ ဆံပင်စည်းထားတယ်၊ လမ်းရောက်တော့မှ ခေါင်းအုံလာလို့ ဖြည်လိုက်တာလေ၊ နေပါဦး ... ငါ ဆံပင်ဖျားလျားချတာ ဘာဖြစ်လို့လဲ"

ယုရဲ့အမေးကြောင့် သူမ ကတုန်ကယင်အသံနဲ့ ...

"အမှောင်ကြီးထဲ ဆံပင်ဖားလျားချပြီး ပိတောက်ပင်အောက် ရပ်နေတော့ သရဲမ ထင်တာပေါ့"

လို့ ပြောလိုက်တဲ့အခါ ယုက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရင်း ...

"ဩော် ... မိမော် မိမော် ... နင် ဒီလောက်ထိပဲ ကြောက်တတ်သလား၊ ဒီလောက် ချောမောလှပတဲ့ ငါ့ရုပ်ကို သရဲမလို့ ထင်တာတော့ စိတ်ဆိုးတယ်နော်၊ နင့်ကို ဒဏ်တပ်တဲ့အနေနဲ့ ... ဟဲ ဟဲ ... ငါ ထမင်းစားပြီးမှ ပြန်မယ်"

□□□

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်နေ့ ... ညနေစောင်းအချိန်

ခြံဝင်းထဲ တစ်ရှိန်ထိုးမောင်းဝင်လာတဲ့ ကားသံနဲ့ အတူ အဆက်မပြတ်ထွက်ပေါ်လာတဲ့ ဟွန်းသံကြောင့် မိမိမော် တစ်ယောက် ရင်ထိတ်ခနဲ ဖြစ်သွားရတယ်။

"ဟင် ... ကိုနိုင်များ ပြန်လာပြီလား မသိဘူး၊ ကားကို အရမ်းမောင်းလာတယ် ... ဘာဖြစ်လို့ပါလိမ့်"

သူမ နှုတ်က ရေရွတ်ရင်း ဆင်ဝင်အောက် ပြေးထွက်ခဲ့ တယ်။ ဆင်ဝင်အောက်မှာ ရပ်ထားတာက ကိုနိုင့်ကားမဟုတ်ဘဲ



သူငယ်ချင်း ယုရဲ့ကား ဖြစ်နေတယ်။

ယုက ကားထဲက အပြေးတစ်ပိုင်း ထွက်လာပြီး ...

"မိ ... နင့်ကို ငါ ပြစရာရှိတယ် ... လာ လာ"

လို့ ပြောရင်း ဧည့်ခန်းထဲ ဆွဲခေါ်လာတယ်။ ယုရဲ့လက် မှာတော့ စက္ကူအိတ်ငယ်လေးတစ်လုံး ကိုင်ထားတယ်။

"အထိတ်တလန့်ရှိလိုက်တာ ယုရယ် ... ဘာဖြစ် လာတာလဲ ဟင်"

သူမရဲ့အမေးကို ယုက ...

"ဒီမှာကြည့်စမ်း မိ ... သိပ်အံ့သြဖို့ကောင်းတယ်"

လို့ ပြောရင်း စက္ကူအိတ်ထဲက ဓာတ်ပုံတစ်ထပ်ကို ဆွဲ ထုတ်လိုက်တယ်။

"ဩော် ... ဓာတ်ပုံတွေတောင် ရပြီလား၊ ဒါများ ယုရယ် ... ဘာအံ့သြစရာရှိလဲဟဲ့၊ ငါ့မှာဖြင့် လန့်သွား တာပဲ"

ယုက သူမရဲ့စကားကို မတုံ့ပြန်ဘဲ အလျင်စလိုအမူ အရာနဲ့ ဓာတ်ပုံတွေကို တစ်ပုံချင်း ဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကြည့်စမ်း ... နင် သေချာကြည့်နော်"

သူမ ... ယုလက်က ဓာတ်ပုံကို ဆွဲယူပြီး ကြည့်လိုက်တယ်။ အခန်းနံရံပေါ်မှာ ဝိုးတဝါးပေါ်နေတဲ့ ဆံပင်ဖားလျားနဲ့ မိန်းမသဏ္ဍာန်လို ပုံရိပ်ကြီး။

ပုံကိုကြည့်ရင်း သူမ ... ဘာကြောင့်မှန်းမသိဘဲ ကြက်သီးဖျန်းခနဲ ထသွားတယ်။

"အဲဒါ ... နင့်အိပ်ခန်းထဲက နံရံမဟုတ်လား မိ၊ နင့်အခန်းထဲမှာ မကောင်းဆိုးဝါးရှိနေပြီ၊ နင် ... နင် အခြောက်မခံရဘူးလား"

သူမ အသက်မရှူမိလောက်အောင် ဓာတ်ပုံကို စူးစိုက်ကြည့်မိရာမှ သတိပြန်ဝင်လာပြီး ...

"ငါလည်း ဒီအကြောင်းကို စဉ်းစားနေတာပဲ ယု၊ နင်မေးသလို အခြောက်ခံရသလား၊ ငါ့စိတ်ရဲ့ စွဲလမ်းကြောက်ရွံ့မှုကြောင့်ပဲလားတော့ မသိဘူး ... သဘာဝလွန်တဲ့ဖြစ်ရပ်တွေနဲ့ ငါကြုံနေရတာတွေ ပြောပြမယ်"

လို့ အစချီရင်း ကျောက်စီအကျီလေးနဲ့ပတ်သက်တဲ့



ချောက်ချားဖွယ်ရာတွေကို ပြောပြလိုက်တယ်။

ယုက သူမရဲ့စကားကို စိတ်ဝင်တစားနားထောင်ရင်း...

"နင့်ရဲ့အဖြစ်အပျက်တွေက ရင်မောဖို့ကောင်းလိုက်တာ၊ ငါသာ နင့်နေရာမှာဆိုလည်း ဒီလိုပဲ ... ဘာလုပ်ရမှန်းမသိအောင် ဖြစ်မိမှာပဲဟ၊ နင့်စိတ်ကို နင်သေချာပြန်သုံးသပ်သင့်နေပြီ၊ နင့်ရဲ့ ချောက်ချားမှုတွေဟာ နင့်အမေရဲ့အပြောတွေကြောင့်လား၊ ဒါမှမဟုတ် ဒီအကျီမှာ သဘာဝလွန်တဲ့ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းတွေ ရှိနေသလားဆိုတာ ဝေခွဲရသိပ်ခက်တယ်၊ နင့်ရဲ့ သတို့သမီးအကျီလေးကို ငါ ကြည့်ချင်တယ် ... နင်ပြပါလား"

လို့ ပြောလာတယ်။ မိမိမော်ဟာ သက်ပြင်းသဲ့သဲ့ချရင်း ယုကိုခေါ်ပြီး အိမ်ကြီးရဲ့အပေါ်ထပ်ကို တက်ခဲ့တော့တယ်။

ယုတစ်ယောက် လှုပ်ရှားနေတဲ့စိတ်နဲ့အတူ သူမနောက်လိုက်ပါခဲ့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

"မိမိမော်...ဘာတွေကြုံရဦးမလဲ?"

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

ယုတစ်ယောက် ကျောက်စီအင်္ကျီလေးကိုကြည့်ရင်း စိတ်လှုပ်ရှားတဲ့အသံနဲ့ ...

"ဟင် ... ဒီ ... ဒီအင်္ကျီမှာ စီထားတဲ့ ကျောက်တွေက အရည်အသွေးသိပ်ကောင်းတဲ့ ပတ္တမြားပွင့်တွေပါလား၊ မိ ... မိ ... ဒါ ပတ္တမြားအစစ်တွေဟ"

လို့ ရေရွတ်လိုက်တယ်။

ယုစကားကြောင့် သူမ အံ့အားသင့်သွားပြီး ...



"ဘယ်လို ... ပတ္တမြားအစစ်တွေ ... ဟုတ်လား၊ ငါဖြင့် ဒီအင်္ကျီရောက်တဲ့နေ့ကစပြီး မာမီ့ပြဿနာက တစ်မျိုး, စိတ်ချောက်ချားမှုတွေက တစ်မျိုးနဲ့ ဒီကျောက်တွေကို သေချာတောင် မကြည့်မိဘူး၊ နင်ပြောတာ တကယ်ပဲလားဟင် ယု"

လို့ ထပ်မေးလိုက်တဲ့အခါ ယုက ...

"ငါတို့က မျိုးရိုးစဉ်ဆက် ကျောက်ကုန်သည်တွေပါ မိရဲ့ ... မဟုတ်ဘဲ ညာပြောပါ့မလား၊ ငါပြောတာ မယုံရင် ကုန်သည်တွေကို နင်ပြကြည့်၊ အင်း ... ဒီအင်္ကျီကိုကြည့်ရတာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတည်းက ချုပ်လုပ်ထားပုံရတယ် ...၊

အစက အင်္ဂလန်ဖြစ် ပိုးစဖြစ်နေလို့ ဒီအချိန်ထိ မပျက်မစီးဘဲ ရှိနေတာဟ၊ ဘာပဲဖြစ်ဖြစ် ဒီလို သိန်းပေါင်း မြောက်မြားစွာတန်တဲ့အင်္ကျီကို သတို့သမီးဝတ်စုံအဖြစ် ဝတ်ခွင့်ရတာ နင် သိပ်ကံကောင်းတာပဲ ... ငါတောင် အားကျချင်နေပြီ"

www.burmeseclassic.com



လို့ ကျီစယ်စကား ဆိုတယ်။

ယုရဲ့အပြောကြောင့် သူမမျက်နှာ ညှိုးငယ်သွားပြီး ..

"အင်း ... ဒီအကျီလေးဟာ ငွေကြေးမြောက်မြားစွာ တန်သလို ထိတ်လန့်ချောက်ချားဖွယ်ရာတွေလည်း အများကြီးပါ ယှံရယ်၊ အခုဖြစ်နေတဲ့ ချောက်ချားမှုတွေကို ငါ ရပ်တဲ့ပစ်ချင်နေပြီ၊ ငါဟာ တကယ်ပဲ ဟိုမိန်းမပြောခဲ့သလို မကြာခင် သေရမယ့်လူတစ်ယောက် ဖြစ်နေပြီလား"

လို့ စိတ်ပျက်အားငယ်သံနဲ့ ပြောလိုက်တယ်။

ယုက သူငယ်ချင်းဖြစ်သူရဲ့ စိတ်ပျက်နေတဲ့ အခြေအနေကို ရိပ်စားမိသွားပြီး ...

"စိတ်ဓာတ်ဆိုတာ သားရေကွင်းလိုပဲ မိရဲ့၊ ကိုယ်က ဆွဲရင် တင်းမယ်၊ မဆွဲဘဲ ထားရင်တော့ ပျော့သွားမှာပဲ၊ ဒီတော့ နင့်ရင်ထဲက ဖြစ်နေတဲ့ ကြောက်စိတ်ကို တင်းထားလိုက်ပါ ...၊

လောကမှာ ပစ္စုပ္ပန်ကျကျ နေထိုင်တာ အကော



ဆုံးပဲ မိ၊ မဖြစ်သေးတာကို ထိုင်တွေးပြီး ကြောက်နေရင် တစ်ဘဝမှာ နှစ်ခါသေရလိမ့်မယ်"

လို့ စိတ်ဓာတ်မြှင့်တင်ရေးစကား ဆိုလိုက်တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

ဒေါ်မိမိကြီး တစ်ယောက် ကျောက်စိအကျီလေးကို မှန်ဘီလူးနဲ့ ပြူးပြဲကြည့်ရင်း မျက်လုံးတွေ အရောင်တောက်သွားတယ်။

နံဘေးမှာရှိနေတဲ့ ကျောက်ကုန်သည်ကြီး ဦးမျိုးမြင့်က

"ပတ္တမြားတွေ အားလုံးပေါင်းလိုက်ရင် ... ကာလတန်ဖိုး ငွေသားသုံးသိန်းကျော်ဖိုးလောက် ရှိတယ်၊ ဝန်ထောက်ကတော်ဟောင်းတစ်ဦးက ကျုပ်ကို ရှေးပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com



တွေ့ ရှာခိုင်းနေတာ ကြာပြီ ... ကျုပ် စပ်ပေးရမလား ဒေါ်မိမိကြီး”

လို့ ပြောလာတယ်။

ဒေါ်မိမိကြီးတစ်ယောက် ဝမ်းသာအားရနဲ့ စကားပြော ပြင်လိုက်စဉ်မှာပဲ ...

“မာမီ ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒီအကိုကျ ပတ္တမြားတွေကို ဖြုတ်ရောင်းဖို့ မစဉ်းစားပါနဲ့၊ ဒီအကျီ ရဲ့ပိုင်ရှင်ဟာ ကိုနိုင်ပါ၊ ကိုနိုင်မသိဘဲ ဘာမှလုပ်လို့ မရဘူး၊ မိ လုံးဝခွင့်မပြုဘူးနော်”

မိမိမော်ရဲ့ ယတိပြတ်ပြောလိုက်တဲ့စကားကြောင့် ဒေါ် မိကြီးဟာ မျက်နှာအကြီးအကျယ် ပျက်သွားတယ်။

ကျောက်ကုန်သည်ဦးမျိုးမြင့်က အခြေအနေကို ရိပ်စား သွားပြီး ...

“ကဲ ဒေါ်မိမိကြီး ... ကျုပ်ကို သွားခွင့်ပြုပါဦး၊ သေချာမှ ဆက်သွယ်လိုက်ပါ”

လို့ပြောရင်း ထပြန်သွားတယ်။



ဒေါ်မိမိကြီးတစ်ယောက် အကြီးအကျယ်ပေါက်ကွဲပြီး ပွဲကြမ်းတော့တယ်။

“နင်က ငါလက်နဲ့ ရေးတာကို ခြေနဲ့ ဖျက်ပစ် လိုက်ပြီပေါ့လေ၊ သွား ... ခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်း၊ မွေးရကျိုးမနပ်တဲ့ဟာမ၊ နင့်မျက်နှာ ငါ မမြင် ချင်ဘူး”

“ပူမနေပါနဲ့ မာမီ၊ မင်္ဂလာပွဲပြီးတာနဲ့ ဆင်းသွားမှာ ပါ၊ ခုတော့ ... လုံးဝ ဆင်းမပေးနိုင်ဘူး၊ ဒီတိုက်နဲ့ခြံက ဒယ်ဒီမိဘတွေ အမွေပေးခဲ့တဲ့ဟာတွေပါ၊ မာမီ မကျေ နပ်ရင် ကြိုက်တဲ့ရုံးက တရားစွဲလိုက်၊ ဒယ်ဒီပိုင်တဲ့အိမ် ပေါ်က လုံးဝမဆင်းနိုင်ဘူး ... ဒါပဲ”

သူမ စိတ်ထဲရှိသမျှ အော်ဟစ်ပြောဆိုပြီး ကားသော့ကို ကောက်ယူလိုက်တယ်။

ပြီးတော့ ကားကို စက်နှိုးမောင်းထွက်ခဲ့တယ်။

သူမ ကားကို ယုတို့အိမ်ဘက် ဦးတည်လိုက်တယ်။

ယုတို့နေထိုင်ရာ ဗိုလ်တထောင်ဘက်ကိုရောက်တော့ ယု

www.burmeseclassic.com

www.burmeseclassic.com


တို့လမ်းထဲ ချိုးဝင်လိုက်တယ်။

တိုက်ရှေ့ရောက်တော့ ဟွန်းတီးလိုက်တဲ့အခါ ယု ထွက်လာပြီး ...

"ဟဲ့ ... အကြောင်းမကြား ဘာမကြားနဲ့ ဘယ်လိုလုပ် ရောက်လာတာလဲ၊ မျက်နှာလည်း မကောင်းပါလား မိ"

လို့ သူမရဲ့စူပုပ်နေတဲ့ မျက်နှာကိုကြည့်ရင်း ပြောတယ်။

"ဟုတ်တယ် ... ငါ ဒေါသထွက်လာတယ်၊ နင့်အိမ်က လူကြီးတွေရော ဘယ်သူမှ မရှိဘူးလား"

"ငါ့အစ်ကိုမိန်းမ ကလေးမျက်နှာမြင်လို့ သွားကြတယ်၊ ငါ တစ်ယောက်တည်း၊ လာ ... အထဲကို"

ဧည့်ခန်းထဲရောက်တဲ့အခါ ယုက ...

"ပြောစမ်း ... ဘာတွေဖြစ်လာတာလဲ"

"မာမီပေါ့ ... ပတ္တမြားတွေကို ကျောက်ပွဲစားနဲ့ ပြနေတာ၊ ငါကိုက မှားတာပါ၊ အင်္ကျီက ကျောက်တွေက ပတ္တမြားအစစ်တွေလို့ ပြောမိတာကိုက ငါ့အမှား"

သူမရဲ့အပြောကြောင့် ယုက မျက်မှောင်ကြုတ်သွားပြီး

"ဒီအင်္ကျီလေးမှာသာ တကယ်အစောင့်အရှောက် တစ်ခုခုရှိနေရင် နင့်အမေကို လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး၊ နင့်အမေကို ကျောက်တွေမရောင်းဖြစ်အောင် နင်တားရမယ် မိ၊ မမြင်ရတဲ့အရာတွေနှောင့်ရင် သိပ်ကြောက်ဖို့ ကောင်းတာနော်"

လို့ ပြောလိုက်တဲ့အခါ မိမိမော်ဟာ သက်ပြင်းချရင်း–

"မမြင်ရတဲ့ အရာဆိုတာထက် ကိုနိုင် တန်ဖိုးထားတဲ့ အရာဖြစ်နေလို့ ငါ လုံးဝ အထိခိုက်မခံနိုင်ဘူး၊ ဒါကြောင့် မာမီကို အပြတ်ပြောပြီး ထွက်ခဲ့တာ၊ နင်စဉ်းစားကြည့်လေ ... ဒီအင်္ကျီလေးရဲ့ ပိုင်ရှင်က ကိုနိုင်ပဲ၊ ခုချိန်မှာ ကိုနိုင်ကလည်း ခရီးသွားနေတာ၊ သူမသိဘဲ အင်္ကျီက ကျောက်တွေကို ဖြုတ်ရောင်းစားမယ်ဆိုတဲ့ အတွေးက သိပ်ကို အောက်တန်းကျလွန်းတယ်၊ သူသိရင်လည်း ဘယ်လောက်ပဲ ငွေရရ အဲဒီပတ္တမြားတွေကို ရောင်းမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောလိုက်တယ်။

ယုက တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတော လိုက်ရင်း ...

"ငါပြောမယ် မိ ... နင် အိမ်ကို အမြန်ဆုံးပြန်ပြီး ပတ္တမြားအကျီကို နင့်အမေ မသိလောက်တဲ့နေရာမှာ ဖွက်ထားပေတော့၊ မင်္ဂလာဆောင်တဲ့နေ့ မရောက်မချင်း ပေါ့ဟာ၊ လူတွေရဲ့လောဘဟာ ငွေရှိတာ, မရှိတာနဲ့ မဆိုင်ဘူး၊ လောဘစွက်လာရင် ဘာမှ မြင်တတ်ကြမှာ မဟုတ်ဘူး မိ"

□□□

"ပတ္တမြားအကျီလေး ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၉)

မိမိဇော် တစ်ယောက် ပတ္တမြားအကျီထည့်ထားတဲ့ ဘူးကို ကိုင်ရင်း ဘယ်မှာဝှက်ရမှန်းမသိအောင် ဖြစ်နေတယ်။

နောက်ဆုံး ဘယ်လိုမှ စဉ်းစားမရတာနဲ့ ခုတင်အောက်က သံသေတ္တာထဲ ထည့်ထားလိုက်တယ်။

"အင်း ... ဒီထဲမှာ ဖွက်ထားတာ အကောင်းဆုံးပဲ၊ မာမီ့ကိုယ်လုံးကြီးနဲ့ ခုတင်အောက်တော့ မငုံ့နိုင်လောက်ဘူး၊မင်္ဂလာပွဲနေ့ကျမှ ပတ္တမြားအကျီလေးကို ပြန်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ရမယ်"

အတွေးနဲ့အတူ သူမဟာ အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်တယ်။

ဒီအချိန် ဒေါ်မိမိကြီးတစ်ယောက် အိပ်ခန်းထဲ ခေါက်တုံ့ ခေါက်ပြန်လျှောက်ရင်း ...

"အကျီမှာ တပ်ထားတဲ့ ပတ္တမြားတွေဟာ ငွေသုံး သိန်းကျော်လောက် တန်ကြေးရှိတယ် ဆိုပါလား၊ ဒီငွေ တွေသာ ငါရရင် အင်္ဂလန်မှာရှိတဲ့ အမျိုးတွေနောက် လိုက်သွားပြီး ဟိုမှာ ဟယ်လီကော်ပရာတောင် ဝယ်စီး လို့ရတယ်၊ ဟုတ်တယ် ... အစုတ်အပြတ်အကျီက တန် ဖိုးရှိတဲ့ပတ္တမြားတွေကို ငါရအောင် ဖြုတ်ရမယ်"

လို့ အကြံကြီး ကြံလိုက်တယ်။

ပြီးတဲ့အခါမှာတော့ သူမဟာ သမီးဖြစ်သူဆီက ပတ္တ မြားအကျီကို အရယူနိုင်ဖို့ နည်းလမ်းမျိုးစုံ ကြံစည်တော့တယ်။

သူမ သမီးဖြစ်သူရဲ့အခန်းကို သွားပြီး တိတ်တဆိတ် ချောင်းကြည့်လိုက်တယ်။



အိပ်ရာပေါ်မှာ အိပ်နေတာကို တွေ့တဲ့အခါ တံခါးကို အသံမကြားအောင် ဖွင့်ဝင်လိုက်တယ်။

ဗီရိုရှိရာ လျှောက်သွားပြီး ဗီရိုတံခါးကို အသာလေး ဖွင့်လိုက်တယ်။

'ကျွီ' ခနဲ မြည်သွားတဲ့ အသံနဲ့အတူ အိပ်ခန်းမီး လင်း သွားပြီး ...

"မာမီ ... ဒါဘာလုပ်နေတာလဲ"

သမီးဖြစ်သူရဲ့အသံကြောင့် ဒေါ်မိမိကြီးဟာ ဆတ်ခနဲ တုန်သွားရင်း ...

"ဘာမှမလုပ်ဘူး၊ မီးပူတိုက်ပြီးသား အဝတ်တွေ လာထည့်တာ"

လို့ အသံမာမာနဲ့ ပြောလိုက်တယ်။ မိမိမော်က သူမရှိရာ လျှောက်လာရင်း ...

"လက်ထဲမှာ အကျီလည်း မပါပါလား၊ မာမီနော် ဘာမဟုတ်တာတွေ ကြံစည်နေသလဲ"

လို့ သံသယသံနဲ့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ … ငါ့အိမ်မှာ ငါ့ဟာငါ ဘာလုပ်လုပ် လုပ်ပိုင်ခွင့်ရှိတယ်၊ မအေကိုများ မေးလားစမ်းလားနဲ့၊ မြေမျိုမယ့် ဟာမ … ငါ မပြောလိုက်ချင်ဘူး"

ဒေါ်မိမိကြီးဟာ ထိုသို့ပြောရင်း အခန်းထဲက ပြန်ထွက်သွားတယ်။

မိမိမော်ဟာ စိတ်မသက်မသာဟန်နဲ့ သက်ပြင်းချရင်း အိပ်ရာခေါင်းရင်းမှာရှိတဲ့ တယ်လီဖုန်းရှိရာ လျှောက်သွားတော့တယ်။

❒ ❒ ❒

''ပတ္တမြားတွေကို ဒေါ်မိမိကြီး ရပို့မသား?''

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

"နှင် ပြောတာ မှန်တယ်ယု၊ မာမီတော့ ပန်းပွင့်တွေကို ဖြုတ်ရောင်းဖို့ ကြံစည်နေပြီ၊ ငါ့အခန်းထဲကို သူခိုးလို ဝင်လာပြီး မီရိုဖွင့်နေတာ၊ ငါ မေးလိုက်တော့ ရှက်ရမ်းရမ်းပြီး ပြန်ထွက်သွားတယ်"

"... ... ...."

"အေးပါ အေးပါ ... အကျီလေးကို သူ မတွေ့နိုင်တဲ့နေရာ ပြောင်းထားပြီးပြီ၊ ဒါဆို နောက်မှတွေ့မယ်

www.burmeseclassic.com

www.burmeseclassic.com

နော် ... အင်း ... အင်း"

သူမ တယ်လီဖုန်းခွက်ကို ပြန်ချရင်း အိပ်ရာပေါ် ပြန်အိပ်လိုက်တယ်။

ဒီအချိန် အောက်ထပ်တယ်လီဖုန်းစင်နားမှာတော့ ဒေါ်မိမိကြီး ဖုန်းခွက်ကို ပြန်ချရင်း ...

"သြော် ... ဒင်းက ပတ္တမြားအကျီကို ဖွက်ထားတာကိုး၊ ဟင်း ဟင်း ... တွေ့ကြသေးတာပေါ့၊ ငါလိုချင်တဲ့အရာကို ဘယ်သူမှ တားလို့မရဘူး၊ တစ်အိမ်လုံး မြေလှန်ပြီးတော့ကို ရှာပစ်ဦးမှာ"

လို့ ကြုံးဝါးလိုက်တယ်။

မိမိမော်တစ်ယောက် အိပ်ရာထက် လူးလိမ့်ရင်း မျက်ခွံတွေ လေးလံလာတယ်။

ဒီအချိန်မှာပဲ စူးရှရှ ရေမွှေးနံ့တစ်ခုက သူမ နှာခေါင်းထဲတိုးဝင်လာတယ်။

သူမနံဘေး တင်ပါးလွှဲထိုင်နေတဲ့ ဘီအေဆံထုံးနဲ့ မိန်းမ ...

သူမဟာ အိပ်ရာရဲ့နံရံဘက် တိုးကပ်လိုက်ရင်း ...

"ရှင် ... ရှင် လာပြန်ပြီလား၊ ကျွန်မကို ဘာတွေ စိတ်ဒုက္ခပေးဦးမလို့လဲ၊ ကျွန်မနဲ့ ရှင့်ကြားမှာ ဘာရန်ငြိုးမှ မရှိဘူး၊ မနှောင့်ယှက်ပါနဲ့"

ထိုမိန်းမဆီက ရယ်သံသဲ့သဲ့မျှ ထွက်ပေါ်လာပြီး ...

"ဟင်း ... ဟင်း ... ဟင်း နင့်ရင်ထဲမှာ ငါ့ကို သိပ်ကြောက်နေတယ် မဟုတ်လား မိမိမော်၊ လေသံကို မာလို့ ရပေမယ့် ကြောက်ရွံ့မှုတွေ ဖုံးလွှမ်းနေတဲ့ နင့်ရဲ့ မျက်လုံးတွေကို ညာလို့မရဘူး၊ နင့်ကို ထပ်ပြီး သတိပေးမယ်၊ ပတ္တမြားအကျီဟာ ငါ့အကျီ၊ ငါကလွဲလို့ ဘယ်သူမှ ဝတ်ခွင့်မရှိဘူး၊ မကြာခင် နင်တို့ တစ်မိသားစုလုံး သွေးချောင်းစီးရတော့မယ်၊ သွေးချောင်းစီးရတော့မယ် ... ဟား ဟား ဟား ဟား"

သူမဟာ စောင်တွေ၊ ခေါင်းအုံးတွေနဲ့ ထိုမိန်းမကို သွေးရူးသွေးတန်း ပစ်ပေါက်လိုက်ရင်း ...

"မကောင်းဆိုးဝါးမ ... နင်ပြောတာ ငါမယုံဘူး၊

www.burmeseclassic.com

www.burmeseclassic.com

သွား ... ထွက်သွား”

လို့ အော်ဟစ်ပစ်လိုက်တယ်။

သူမ စောင်တွေနဲ့ လုံးထွေးနေရကာ အသက်ရှူကျပ်သလို ခံစားလိုက်ရတယ်။

ဒါကြောင့် အိပ်ရက ဝုန်းခနဲ ကုန်းထလိုက်ပြီး အခန်းမီးကို လှမ်းဖွင့်လိုက်တယ်။

“ဟင် ... ဟိုမိန်းမ ... ဘယ်ရောက်သွားတာလဲ၊ ငါ ... ငါ ... အိပ်မက်ဆိုး မက်နေတာလား၊ တကယ်ပဲ မကောင်းဆိုးဝါးမ ငါ့ဆီ ရောက်လာသလား”

❒ ❒ ❒

# အပိုင်း (၂၁)

www.burmeseclassic.com

www.burmeseclassic.com

မိမိမော်တစ်ယောက် အပြင်ထွက်သွားချိန် ...

ဒေါ်မိမိကြီးဟာ မိမိမော်ရဲ့အိပ်ခန်းထဲ မွှေနှောက်ရှာဖွေတော့တယ်။

ဒေါ်မိမိကြီးဟာ ပတ္တမြားအကျီလေးကို အခန်းအနှံ့ လှန်လှောရှာဖွေရင်း ဓာချွေးပြန်လာတယ်။

ဒါကြောင့် အိပ်ရာပေါ်ထိုင်ချရင်း ပတ္တမြားအကျီရှိနိုင်မယ့် နေရာကို အသည်းအသန် တွေးတောလိုက်တယ်။



ဒီအချိန်မှာပဲ ပိုးဟပ်တစ်ကောင်ဟာ သူမရဲ့ခြေထောက်နားက ဖြတ်သွားပြီး ခုတင်အောက် ဝင်သွားတာ တွေ့လိုက်တယ်။

"အမယ်လေးနော် ... တစ်သက်နဲ့တစ်ကိုယ် ငါ့အိမ်မှာ ဘာပိုးဟပ်မှ မရှိပါဘူး၊ မိမော်တို့ ဘယ်လောက်တောင် ညစ်ပတ်ထားလဲမသိဘူး၊ မဖြစ်ဘူး ရှဲဖို့ကောင်းလိုက်တာ၊ ပိုးဟပ်ကို ရအောင်ဖမ်းပြီး လွှတ်ပစ်မှဖြစ်မယ်"

သူမဟာ ထိုသို့ရေရွတ်ရင်း ဝဖိုင့်လွန်းတဲ့ ခန္ဓာကြီးနဲ့ ခုတင်အောက်ကို ကုန်း ကြည့်လိုက်တယ်။

ဒီအခါမှာ သူမရဲ့မျက်လုံးက ခုတင်အောက်မှာရှိတဲ့ သံသေတ္တာဆီ အကြည့်ရောက်သွားတယ်။

"ငါရှာဖို့ ဒီသေတ္တာ ကျန်သေးတာပဲ၊ ပတ္တမြားအကျီဟာ ဒီထဲမှာရှိရင် ရှိနိုင်တယ်၊ ဖွင့်ကြည့်တာ ငါ့အတွက် မမှားဘူး"

အတွေးနဲ့အတူ သူမဟာ သံသေတ္တာကို မနည်းကုန်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်လိုက်တယ်။ ဖွင့်ကြည့်လိုက်တဲ့အခါ ပတ္တမြားအကျီ ထည့်ထားတဲ့ စက္ကူဘူးကို တွေ့လိုက်ရတယ်။

သူမ စိတ်လှုပ်ရှားစွာနဲ့ ဘူးကို ဆွဲထုတ်လိုက်တယ်။

"ငါ ရပြီ ... ပတ္တမြားအကျီကို ငါရပြီ၊ ဆယ်စီးက် စားမကုန်လောက်တဲ့ ငွေတွေ၊ ငါ ရတော့မယ်၊ အချိန် မရှိဘူး၊ အကျီစုတ်က ပတ္တမြားတွေကို အမြန်ဖြုတ်ရ မယ်"

သူမ လောဘဇောတက်နေတဲ့ မျက်နှာကြီးနဲ့ ကြိုးဝါး ရင်း ဓားပါးလေးနဲ့ အကျီချုပ်ရိုးတွေကို ဖြည်လိုက်တယ်။

ပတ္တမြားတွေအားလုံး သူမလက်ထဲ ရောက်သွားတဲ့အခါ

"ပတ္တမြားတွေနေရာမှာ အနီရောင်ကျောက်အ ရောင်တွေကို အစားထိုးရမယ်၊ ဒါမှ မိမော် မရိပ်မိမှာ၊ လောလောဆယ်တော့ အချိန်မရှိတော့ဘူး၊ မိမော် ပြန် မလာခင် ကိုမျိုးမြင့်ဆီကို ဒီကျောက်တွေ ပို့ထားရမယ်၊ ပြန်လာတော့မှ အရိပ်အခြည်ကို ကြည့်ပြီး ကျောက်တု တွေ ပြန်တပ်ပေးရမယ်၊ ဟီး ဟီး ဟီး ... မိမိကြီးကြီရင်



ဘာခံနိုင်မတဲ့လဲ"

ဒေါ်မိမိကြီးတစ်ယောက် အရူးတစ်ယောက်လို တတွတ် တွတ်ပြောရင်း အကျီကို သေတ္တာထဲ ကမန်းကတန်း ပြန်ထည့် လိုက်တယ်။

ပြီးတော့ ပတ္တမြားတွေကို ရှုံ့ကြိုးအိတ်လေးထဲထည့်ရင်း အိမ်အောက်ကို ပြေးဆင်းခဲ့တယ်။

မိမိမော် ကားယူသွားတဲ့အတွက် သူမ အငှားကားနဲ့ သွားဖို့ ဆုံးဖြတ်လိုက်တယ်။

သူမ ဇောကပ်နေတဲ့အတွက် ခြံတံခါးတောင် သော့ မခတ်နိုင်ဘူး။

တံခါးကို ဆွဲစေ့ရင်း ကားလမ်းကို ဖြတ်ကူးဖို့ ပြင်လိုက် တယ်။

"ဘုရား ... ဘုရား ... ငါပြန်မရောက်ခင် မိမော် မရောက်ပါစေနဲ့၊ ဒါမှ ငါ့အကြံတွေအားလုံး ပြီးမှာ၊ မိမော် မရောက်ပါစေနဲ့"

သူမဟာ ဇောကပ်နေတဲ့စိတ်နဲ့အတူ ကားလမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကူးလိုက်တယ်။

ဒီအချိန်မှာပဲ အရှိန်ပြင်းစွာ မောင်းနှင်လာတဲ့ လော်လီကားကြီးဟာ ဘရိတ်အုပ်ချိန်မရလိုက်ဘဲ ... ဒုန်းခနဲ အသံနဲ့အတူ ဒေါ်မိမိကြီးရဲ့ 'အား' ခနဲ ငယ်သံပါအောင် အော်ဟစ်သံကြီးက တစ်လမ်းလုံး ဖုံးလွှမ်းသွားတော့တယ်။

"ဒေါ်မိမိကြီး သေပြီလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၂)

**ရပ်**ထားတဲ့ လော်လီကားကြီးနဲ့အတူ ခြံဝင်းရှေ့ အုံခဲနေတဲ့ လူအုပ်ကြီးကြောင့် မိမိမော်ဟာ ကားကို ရပ်လိုက်ရင်း

"ဟင် ... ငါ့ခြံရှေ့မှာ လူတွေ အုံနေပါလား၊ ဘာများဖြစ်တာပါလိမ့်"

သူမ စိတ်လှုပ်ရှားစွာနဲ့ လူအုပ်ကြီးရှိရာ အပြေးတစ်ပိုင်း လျှောက်ခဲ့တယ်။ လူအုပ်ကြီးထဲ တိုးဝှေ့ဝင်ရင်း ကြည့်လိုက်တဲ့ အခါ သွေးအိုင်ထဲလဲနေတဲ့ မိခင်ဖြစ်သူကို တွေ့လိုက်ရတာယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းတစ်ခုလုံး ချာချာလည်သွားပြီး ...

"အမယ်လေး ... မာမီ ... မာမီ"

လို့ ရေရွတ်ရင်း ပြေးပွေ့လိုက်တယ်။

သူမ ရှိုက်ကြီးတငင် ငိုကြွေးရင်း ...

"ဖြစ်ရလေ မာမီရယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဘာလို့ ဒီလိုဖြစ်ရတာလဲ မာမီရဲ့"

လို့ ကြေကွဲဝမ်းနည်းစွာ ရေရွတ်လိုက်တယ်။

လောလီကားမောင်းသူက မျက်နှာမသာမယာနဲ့ သူမကို ကြည့်ရင်း ...

"ကျုပ် တကယ်ကို စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမဲ့ ကျုပ် အမှားမဟုတ်ဘူးနော်၊ ခင်ဗျားအမေက ကားကိုမကြည့်ဘဲ လမ်းဖြတ်ကူးတာဗျ၊ ကျုပ်ကားက အရှိန်နဲ့မောင်းလာတာ၊ သူဖြတ်ကူးတာတွေ့လို့ ဘရိတ်ကို ဆောင့်အုပ်ဖို့ ကြိုးစားပေမယ့် အချိန်မမီတော့ဘူး၊ ဒါကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ"

လို့ ရှင်းပြတယ်။ ဒီအချိန်မှာပဲ ရပ်ကွက်လူကြီးရဲ့



အကြောင်းကြားမှု ကြောင့် အချက်ပေးဥသြသံနဲ့ လူနာတင်ကား ဆိုက်ရောက်လာတယ်။

အဖြူရောင်ဝတ်စုံနဲ့ သူနာပြုတွေဟာ သွေးအိုင်ထဲလဲနေတဲ့ ဒေါ်မိမိကြီးကို စမ်းသပ်ကြည့်ရှုရင်း ...

"နှလုံးခုန်မရပ်သေးဘူး၊ အချိန်မှီ အော်ပရေးရှင်း လုပ်မှဖြစ်မယ်"

လို့ ပြောလာတယ်။ မိမိမော်ဟာ သူနာပြုတွေနဲ့အတူ လူနာတင်ကားပေါ် လိုက်ပါခဲ့တယ်။

ဆေးရုံကြီးရောက်တော့ သူနာပြုတွေက သူမကို မိခင်ဖြစ်သူရဲ့လက်မှာ ဆုပ်ကိုင်ထားတဲ့ ရွှံ့ကြိုးအိတ်လေး လှမ်းပေးတယ်။ သူနာပြုတွေ အော်ပရေးရှင်းခန်းထဲ ဝင်သွားတဲ့အခါ သူမဟာ ခုံတန်းရှည်လေးမှာထိုင်ရင်း ရွှံ့ကြိုးအိတ်လေးကို ဖွင့်ကြည့်မိတယ်။

"ဟင် ... ပတ္တမြားတွေပါလား၊ ဒါ ... ဒါဆို မာမီ ပတ္တမြားတွေကို တွေ့သွားပြီပေါ့၊ လုပ်ရက်လိုက်တာ မာမီရယ်၊ ဒီလောက်အတန်တန် တားနေတဲ့ကြားက

www.burmeseclassic.com

www.burmeseclassic.com

ပတ္တမြားတွေကို ရအောင်ဖြုတ်ယူခဲ့တယ်"

သူမ ပါးပြင်ပေါ် တလိမ့်လိမ့်စီးကျလာတဲ့ မျက်ရည်တွေနဲ့အတူ တီးတိုးရေရွတ်လိုက်တယ်။ သူမရဲ့ နားထဲမှာတော့

"မကြာခင် ... နင်တို့ တစ်မိသားစုလုံး သွေးချောင်းစီးရတော့မယ်၊ သွေးချောင်းစီးရတော့မယ်"

ချောက်ချားဖွယ်သိပ်ကောင်းတဲ့ မိန်းမရဲ့အသံဆိုးကြီးကို ပြန်ကြားနေရတယ်။

"မဟုတ်ဘူး ... ဒီလိုမဖြစ်ရဘူး၊ မာမီ ခုလိုဖြစ်တာ ပတ္တမြားတွေကို ယူမိလို့ဆိုရင် ခုချက်ချင်း ပတ္တမြားတွေကို သူ့နေရာသူ ပြန်ထားမှဖြစ်မယ်၊ ဘုရားမလို့ မာမီ ဘာမှမဖြစ်ပါစေနဲ့ ... မဖြစ်ပါစေနဲ့"

သူမ နှုတ်က တတွတ်တွတ်ရေရွတ်ရင်း ဆေးရုံထဲကနေ ပြေးထွက်ခဲ့တယ်။

❐❐❐

"ပတ္တမြားတွေကြောင့်
ဒေါ်မိမိကြီး ကံဆိုးခဲ့ရတာလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၃)

သူမဟာ လေးဘီးကားကိုငှားရမ်းပြီး အိမ်ကို ပြန်ခဲ့တယ်။

အိမ်ရောက်တော့ အခန်းထဲ ပြေးဝင်ပြီး ခုတင်အောက်က သံသေတ္တာလေးကို ဆွဲထုတ်လိုက်တယ်။

သံသေတ္တာလေးကို ဖွင့်လိုက်တဲ့အခါ ကျောက်တွေကင်းမဲ့နေတဲ့ ပိုးအင်္ကျီလေးကို စိတ်မသက်မသာဖွယ် တွေ့လိုက်ရတယ်။

သူမဟာ အပ်နဲ့အပ်ချည်ယူပြီး ပတ္တမြားတွေကို အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com

လေးမှာ ပြန်တပ်လိုက်တယ်။

ပတ္တမြားတွေအားလုံး ပြန်တပ်ပြီးတဲ့အခါ သူငယ်ချင်းသူကို ဖုန်းလှမ်းဆက်ရင်း ဆေးရုံလိုက်လာဖို့ အကြောင်းကြားလိုက်တယ်။

သူမ ... ပတ္တမြားအကျီလေးကို စက္ကူဘူးထဲ သေချာပြန်ထည့်ပြီး ဆေးရုံကို ပြန်ထွက်ခဲ့တယ်။

ဆေးရုံကြီးရောက်တဲ့အခါ ဒေါ်မိမိကြီးကို အော်ပရေးရှင်းခန်းထဲက ထုတ်လာတာ တွေ့ရတယ်။

သူမဟာ လက်တွန်းလှည်းအနီးကို စိုးရိမ်တကြီး ပြေးသွားပြီး ...

"ဒေါက်တာ ကျွန်မအမေရဲ့အခြေအနေ ဘယ်လိုရှိလဲ ဒေါက်တာ"

လို့ အလျင်စလို မေးလိုက်တယ်။

"အသက်အန္တရာယ်အတွက် စိုးရိမ်စရာတော့ မရှိတော့ပါဘူး၊ သွေးထွက်လွန်တဲ့အတွက် သွေးတော့ဆက်သွင်းထားရလိမ့်မယ်၊ ဒါပေမဲ့ လူနာဟာ ခုချိန်ထိ



သတိမရသေးဘူး"

ဆရာဝန်က ထိုသို့ပြောရင်း လူနာတင်လှည်းကို ဆက်တွန်းသွားတယ်။

သူမ ထိုလှည်းနောက် လိုက်ခဲ့စဉ်မှာပဲ အပြေးအလွှားရောက်လာတဲ့ ယုကို တွေ့လိုက်ရတယ်။

"ဘယ်လိုဖြစ်တာလဲ မိရယ်၊ အန်တီလို ကားပေါ်ကမဆင်းတဲ့ လူက ဒီလိုဖြစ်တယ်ဆိုတာ မယုံနိုင်စရာပဲ"

ယုရဲ့အမေးကြောင့် သူမဟာ သက်ပြင်းချရင်း ...

"လောဘစိတ်ကြောင့်ပေါ့ ယုရယ်၊ ငါ အိမ်မှာမရှိတုန်း ဟိုအကျီက ပတ္တမြားတွေကို ဖြုတ်ပြီး ကျောက်ပွဲစားဆီ သွားဖို့ ကြိုးစားမှာပေါ့၊ အဲဒီမှာ ယာဉ်တိုက်မှုဖြစ်တာပဲ"

"အခု ... အန်တီ့အခြေအနေရော သိပ်စိုးရိမ်ရလား"

"သွေးတော့ သွင်းထားရတယ်၊ ခုချိန်ထိ သတိပြန်မရသေးဘူး၊ ငါတော့ ဖြစ်ပျက်နေတဲ့ အခြေအနေတွေ

www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်ပြီး သတ်သေချင်လောက်အောင် စိတ်ဓာတ်ကျနေပြီ၊ ငါနဲ့မာမီက တကျက်ကျက်သာ ရန်ဖြစ်နေကြတာ၊ တစ်လောကလုံးပြေးကြည့်မှ သားအမိနှစ်ယောက်တည်း ရှိတာ၊ နင်လည်း အသိပဲ၊ သူ့ရဲ့လောဘဇော်တက်မှုကြောင့် ဒီလိုအပြုအမူတွေ ဖြစ်ခဲ့တာ၊ ပြောင်းလဲမှုတွေက ကြောက်စရာကောင်းလောက်အောင် မြန်ဆန်လွန်းတယ် ယုရယ်"

ယုက မိမိမော်ရဲ့ပခုံးကို ဖက်ရင်း နှစ်သိမ့်စကား ဆိုလိုက်တယ်။

"အေးဟာ ... တိုက်ဆိုင်မှုကြောင့်ပဲဖြစ်ဖြစ် ခြောက်လှန့်မှုကြောင့်ပဲဖြစ်ဖြစ် အရာအားလုံးဟာ ဖြစ်ပြီးသွားပြီပဲ၊ ငါတို့ ဘာမှ လုပ်ယူလို့မရတော့ဘူး၊ လက်ရှိအခြေအနေက အန်တီ အမြန်ဆုံးသတိပြန်ရဖို့ ဆုတောင်းဖို့ကလွဲရင် ငါတို့ ဘာများတတ်နိုင်ပါ့မလဲ မိရယ်"

❒❒❒

''ဒေါ်မိမိကြီးတစ်ယောက် သတိပြန်ရပါ့မလား?''

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၅)

ဒေါ်မိမိကြီး ဆေးရုံတင်ထားရတဲ့အတွက် ယုက သူ့မိဘတွေဆီမှာ ခွင့်တောင်းပြီး မိမိမော်နဲ့ လာနေပေးတယ်။

သန်ဘက်ခါဆို မိမိမော်နဲ့ ရန်နိုင်တို့ရဲ့ မင်္ဂလာပွဲကျင်းပ မယ့်ရက်။

သတို့သားလောင်း ခရီးက ပြန်မရောက်သေးသလို ... မိခင်ဖြစ်သူ ဆေးရုံတက်နေရတဲ့အတွက် မိမိမော်တစ်ယောက် အကြီးအကျယ် စိတ်ဓာတ်ကျနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ယုက မနက်စာအတွက် ပြင်ဆင်နေရာက ထမင်းစား စားပွဲမှာထိုင်ပြီး ငိုင်တွေနေတဲ့ မိမိမော်ကိုကြည့်ရင်း သက်ပြင်း ချလိုက်တယ်။

"ငိုင်နေလို့ ဘာထူးမှာလဲ မိရယ်၊ မင်္ဂလာရက်က ကြားမှာ တစ်ရက်ပဲ လိုတော့တယ်၊ နင် ကိုနိုင့်အိမ်ကို ဖုန်းဆက်မေးကြည့်ပါလား၊ တချို့ အယူသည်းတဲ့ လူကြီးတွေဆို သတို့သားလောင်းကို ခရီးမထွက်ခိုင်းဘူး ဟ"

ယုစကားကြောင့် မိမိမော်ဟာ ကျောက်ရုပ်လို ငြိမ်သက် နေရာက ...

"သတို့သမီး အကျီလေးဟာ တကယ်ပဲ ငါတို့ကို ခိုက်နေပြီထင်တယ်၊ မာမီပြောသလိုပဲ ဒီအကျီလေး အိမ်စရောက်တဲ့နေ့တည်းက စိတ်ချောက်ချားဖွယ် ကောင်းတဲ့ အိပ်မက်လိုလို၊ တကယ်လိုလို အဖြစ်ဆိုး တွေ ဆက်တိုက်ကြုံခဲ့ရတယ်၊ ပြီးတော့ ... မာမီ ယာဉ် တိုက်မှုဖြစ်ခဲ့တယ်၊ ငါ တစ်ခါမှမမြင်တွေ့ဖူးခြင်းမရှိတဲ့



မိန်းမတစ်ယောက်က ငါ့ကို ခြိမ်းခြောက်သလို၊ ခြောက် လှန့်သလို စကားတွေ အမြဲလာပြောတယ်၊ သူရောက် လာတိုင်း ပြောတတ်တဲ့ စကားက သူဟာ ကျောက်စီ ထားတဲ့ သတို့သမီးအကျီလေးရဲ့ပိုင်ရှင်တဲ့၊ သူကလွဲရင် ဒီအကျီကို ဘယ်သူမှ ဝတ်ခွင့်မရှိဘူးတဲ့၊ ငါ့ကို ကြမ္မာ ဆိုးနဲ့ ကြုံရမယ်လို့ ပြောခဲ့သလို သွေးချောင်းစီးမယ့် အဖြစ်တွေ ကြုံရမယ်လို့လည်း ပြောခဲ့တယ်၊ အဆိုးရွား ဆုံးက ငါသေရမယ့်နေ့ကို ကြုံပြီး နိမိတ်ဖတ်သွားတာ ပဲ"

လို့ ပြောလိုက်တဲ့အခါ ... ယုက

"ပတ္တမြားအကျီလေး ရောက်ပြီးမှ တစ်သက်နဲ့ တစ်ကိုယ် မကြုံဖူးတာတွေ နင် ကြုံတွေ့နေရတယ်၊ ငါ အကြံပေးချင်တာကတော့ မင်္ဂလာပွဲမှာ နင် ပတ္တမြား အကျီကို မဝတ်သင့်တော့ဘူး မိ၊ တကယ်လို့များ နင့်ကို ခြောက်လှန့်နေတဲ့ မိန်းမပြောသလို တစ်ခုခုများ ဖြစ်ခဲ့ ရင် ... ဘယ်လိုမှ ပြန်ပြင်လို့ ရမှာမဟုတ်ဘူးနော် မိ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလာတယ်။

မိမိမော်က သက်ပြင်းသဲ့သဲ့ရှိုက်ရင်း ...

"ဒါတော့ မဖြစ်နိုင်ဘူး ယု၊ ကိုနိုင်ဟာ လူမမယ်အရွယ်တည်းက ဖခင်ရဲ့စွန့်ပယ်မှုကိုခံခဲ့ရတာ၊ ပတ္တမြားအင်္ကျီလေးဟာ သူ့ဖခင်ရဲ့ နောက်ဆုံးထားခဲ့တဲ့ အရာတစ်ခုပဲ၊ ငါ ကိုနိုင့်ကို ငါ့အသက်ထက် ပိုချစ်တယ်၊ ဒါကြောင့် ... မင်္ဂလာပွဲမှာ ပတ္တမြားအင်္ကျီကို ငါဝတ်မှ ဖြစ်မယ်"

□□□

# အပိုင်း (၂၆)

www.burmeseclassic.com

www.burmeseclassic.com

## ထိုနေ့ည ... သန်းခေါင်ယံအချိန်

မိမိမော်နဲ့ယုတို့ နှစ်ခြိုက်စွာ အိပ်မောကျနေချိန် ...

"ဒုန်း ... ဒုန်း ... ဒုန်း၊ ဒုန်း ... ဒုန်း ... ဒုန်း"

အိပ်ခန်းအပြင်မှ ကြားလိုက်ရတဲ့အသံကြောင့် မိမိမော် တစ်ယောက် အိပ်ရာက ဆတ်ခနဲ လန့်နိုးသွားတယ်။

နားစွင့်ကြည့်လိုက်တော့ ...

ကလေးတစ်ယောက် လျှောက်ပြေးလွှားနေသလို၊ လူကြီးတစ်ယောက် ခြေသံပြင်းပြင်း နင်းလျှောက်သွားသလို



အသံကြီးကို ကြားလိုက်ရတယ်။

"ယု ... ယု ... ထစမ်း"

သူမ သူငယ်ချင်းဖြစ်သူကို လှုပ်နှိုးလိုက်တယ်။ အင်း ... အဲ အသံပေးပြီး ယုတစ်ယောက် နိုးလာတယ်။

"နားထောင်ကြည့်စမ်း ... အခန်းပြင်မှာ အသံကြားနေရတယ်"

သူမအပြောကြောင့် ယုက အိပ်မှုန်စုံမွှားနဲ့ ...

"အင်း ... ဘာသံလဲ၊ ငါတော့ ဘာသံမှ မကြားဘူး"

လို့ ပြောလိုက်တဲ့အခါ ... သူမက

"ငါတို့ အပြင်ထွက်ကြည့်ရအောင်"

လို့ ပြောလိုက်တယ်။

"အာ ... ဘာသံမှမကြားပါဘူးဆို၊ အိပ်တော့ဟာ မနက်အစောကြီး ဆေးရုံသွားရမယ့်ဟာကို"

"နင်မလိုက်ချင်လဲနေ၊ ငါဘာသာ ထွက်ကြည့်မယ်၊ သူငယ်ချင်းဖြစ်ပြီး ဘာမှအားမကိုးရဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ ယုကို မကျေမနပ် ရေရွတ်ပြီး အိပ်ရာပေါ်က ဆင်းလိုက်တယ်။

"ဒုန်း ... ဒုန်း ... ဒုန်း"

အဆက်မပြတ် ကြားနေရတဲ့ အသံကြောင့် မိမိမော်က လှုပ်ရှားနေတဲ့ စိတ်နဲ့အတူ အခန်းတံခါးကို ဆွဲဖွင့်လိုက်တယ်။

သူမ ထသွားတာသိတော့ ယုကပါ စိတ်မပါတပါနဲ့ ထလာတယ်။ အခန်းပြင်ကို ခေါင်းပြူကြည့်လိုက်တော့ ဘာမှ မရှိဘူး။

သူမ အပေါ်ထပ်လှေကားဘက်ထိ ထွက်ပြီး ကြည့်လိုက်တယ်။

သူမ လှေကားအောက်ကို ငုံ့ကြည့်ပြီး နောက်ပြန်လှည့်လိုက်တယ်။

"ဟင်း ... ဟင်း ... ဟင်း၊ ဟင်း ... ဟင်း ... ဟင်း"

မိန်းမတစ်ယောက်ရဲ့ရယ်သံကြောင့် သူမ ယုကို လှမ်းကြည့်လိုက်တယ်။



ယုက အခန်းတံခါးကိုမှီရင်း ... ငိုက်မြည်းနေတယ်။

"မင်း ... မင်း ... မင်း"

ထပ်မံကြားလိုက်ရတဲ့ အသံကြောင့် သူမ လက်ဖျားတွေ အေးစက်သွားပြီး အပေါ်ထပ်အနှံ့ မျက်လုံးဝေ့ကြည့်လိုက်တဲ့ အခါ ...

မျက်နှာကြက်အမိုးပေါ်မှာ ခြေကားယား လက်ကားယားပုံစံနဲ့ ကပ်နေတဲ့ ပတ္တမြားအင်္ကျီနဲ့မိန်းမ။

ထိုမိန်းမက တဟင်းဟင်းရယ်မောရင်း ...

"နင် သေမယ့်ရက် သိပ်နီးနေပြီ၊ မကြာခင် နင် သေရတော့မယ်၊ နင် သေရတော့မယ် မိမိမော်"

ထိုမိန်းမကိုကြည့်ရင်း သူမ အသားတွေ တဆတ်ဆတ် တုန်လာတယ်။

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့၊ မကြားချင်ဘူး ... မကြားချင်ဘူး"

သူမ နားအစုံကို အုပ်ရင်း အသံကုန်အော်ဟစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံကြီးကြောင့် တံခါးမှီ အိပ်ငိုက်နေတဲ့ ယုဟာ လန့်သွားပြီး ...

"ဟဲ့ မိ ... မိ ... ဘာဖြစ်တာလဲ"

လို့ ပြေးလာရင်း မေးတယ်။

သူမ မျက်နှာကြက်ကို လက်ညှိုးထိုးရင်း ...

"တစ္ဆေမ ... တစ္ဆေမ၊ မျက်နှာကြက်ပေါ်မှာ ငါ့ကို ခြောက်လှန့်နေတယ်"

လို့ သွေးရူးသွေးတန်းနဲ့ ပြောလိုက်တယ်။

ယုတစ်ယောက် မျက်နှာကြက်ပြားဆီ လှမ်းကြည့်တယ်။ ဒါပေမဲ့ ဘာမှမတွေ့ရဘူး။

ယုဟာ သက်ပြင်းချရင်း မိမိမော်ကို စူးစိုက်ကြည့်လိုက်တယ်။ ပြီးတော့ ... စိတ်မသက်မသာနဲ့

"နင့်စိတ်တွေ ပုံမှန်မဟုတ်တော့ဘူး သူငယ်ချင်း၊ နင် စိတ်ရောဂါဆရာဝန်နဲ့ ပြသင့်နေပြီ"

❐❐❐

"မိမိမော် ကြုံတွေ့နေရတာ တကယ်ထား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၇)

နောက်တစ်နေ့နံနက် ...

မိမိမော်တို့ သူငယ်ချင်းနှစ်ယောက် ကားကိုမောင်းရင်း ဆေးရုံကြီးဘက် ထွက်ခဲ့တယ်။ ဆေးရုံကိုရောက်တော့ ဒေါ်မိမိကြီးတစ်ယောက် ခုချိန်ထိ သတိပြန်မလည်သေးဘူးဆိုတဲ့ သတင်းဆိုးကို ကြားလိုက်ရတယ်။

မိမိမော်ဟာ ဆေးပိုက်တန်းလန်းနဲ့ မလှုပ်မယှက်ငြိမ်သက်နေတဲ့ မိခင်ကိုကြည့်ရင်း စိတ်ထိခိုက်သွားရှာတယ်။

စိတ်ထိခိုက်မှုကြောင့် ခေါင်းထဲ မိုက်ခနဲဖြစ်ပြီး ယိမ်း

www.burmeseclassic.com

www.burmeseclassic.com



ယိုင်သွားတယ်။

ယုက သူမကို ဆတ်ခနဲ လှမ်းထိန်းလိုက်ရင်း ...

"မိ ... နင် အရမ်းအားနည်းနေပြီ၊ ညကလည်း နင့်စိတ်တွေ ချောက်ချားပြီး တစ်ညလုံး အိပ်ရေးပျက်ထားတယ်၊ နင် အနားယူသင့်တယ်၊ မနက်ဖြန် နင့်ရဲ့ မင်္ဂလာပွဲလေ"

လို့ ဆိုလိုက်တယ်။ မင်္ဂလာပွဲဆိုတဲ့အသံကြောင့် မိမိမော်ရဲ့ရင်ထဲ ဝမ်းနည်း အားငယ်စိတ်တွေ လှိုက်တက်လာပြီး

"မာမီနဲ့ ကိုနိုင်မရှိတဲ့မင်္ဂလာပွဲမှာ ငါက တစ်ယောက်တည်း ဘာလုပ်ရမှာလဲ၊ ငါ့ရဲ့မင်္ဂလာပွဲ ပျက်သွားပြီ ယု၊ သတို့သားမပါတဲ့ မင်္ဂလာပွဲကို ကျင်းပရဲလောက်တဲ့သတ္တိ ငါ့မှာမရှိဘူး"

လို့ တုန်ယင်တဲ့အသံနဲ့ ပြောလိုက်တယ်။

ယုက သူမရဲ့လက်အစုံကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ရင်း

"နင်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေဟာ မယုံနိုင်လောက်အောင်ကို ဆိုးရွားလွန်းလှပါတယ်၊ နင့်အ



တွက် ငါ တကယ် စိတ်မကောင်းပါဘူး မိရယ်၊ ဒါပေမဲ့ ... ငါတို့ လုပ်ယူလို့မရတဲ့ အဖြစ်အပျက်တွေကို ထိုင်ပြီး ပူဆွေးနေတော့ရော ဘာများထူးနိုင်မှာမို့လဲ၊ ဖြစ်ပျက်သမျှအားလုံးဟာ ဝဋ်ကြွေးလို့ပဲ သတ်မှတ်လိုက်ပါတော့ သူငယ်ချင်းရယ်"

လို့ စိတ်မကောင်းစွာ ဆိုလိုက်တယ်။

ဒီအချိန်မှာပဲ လူနာခန်းရဲ့တံခါးဟာ ကျွီခနဲ ပွင့်သွားတယ်။ သူမတို့နှစ်ယောက်လုံး ပြိုင်တူ လှည့်ကြည့်မိတဲ့အခါ

"ဟင် ... ကိုနိုင်, ကိုနိုင် ပြန်လာသေးတယ်နော်"

မိမိမော်တစ်ယောက် တအံ့တသြရေရွတ်ရင်း ရန်နိုင့်အနီးကို လျှောက်သွားတယ်။

ရန်နိုင်က သူမရဲ့လက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ကိုယ် အရေးတကြီးကိစ္စနဲ့ မြိတ်ဘက်ကို သွားနေရတယ် မိ၊ မိဆီကို တယ်လီဖုန်းဆက်ဖို့ ကြိုးစားပေမယ့် ဖုန်းလိုင်းတွေက ဘယ်လိုမှ မရခဲ့ဘူး၊ ကိုယ်နဲ့ချိန်းထားတဲ့ ကုန်သည်တွေ ရောက်မလာသေးတာနဲ့ စောင့်

www.burmeseclassic.com


ရင်း ရက်တွေကြာသွားတာပါ၊ ကိုယ် တောင်းပန်ပါတယ် မိရယ်၊ မိ ကိုယ့်ကို စိတ်မဆိုးပါနဲ့နော်"

လို့ တောင်းပန်တိုးလျှိုးသံနဲ့ ပြောလာတယ်။

မိမိမော်က ဝေ့ဝဲတက်လာတဲ့ မျက်ရည်စတွေကို မျက်တောင်နဲ့ ပုတ်ခတ်ရင်း ...

"တောင်းပန်တော့လည်း ကျေအေးရတာပေါ့ ကိုနိုင်၊ ကိုနိုင်မရှိတဲ့ရက်ပိုင်းမှာ မိ ဘဝပျက်မတတ် ကြမ္မာဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတယ်၊ အဲဒါ ကိုနိုင် သိရဲ့လား ... ဟင်"

လို့ ဒေါသစွက်သံနဲ့ ပြောလိုက်တဲ့အခါ ရန်နိုင်က သက်ပြင်းချပြီး ...

"ကိုယ့်အဒေါ် ပြောပြလို့ မိမာမီရဲ့အကြောင်းကို ကိုယ် သိပြီးပါပြီ၊ ဒါကြောင့်လည်း ရောက်ရောက်ချင်း ဆေးရုံကို ပြေးလာတာပါ၊ အန်တီ့အတွက် ကိုယ် တကယ် စိတ်မကောင်းဖြစ်နေပါတယ် မိ"

မိမိမော်က သဲ့သဲ့မျှပြုံးလိုက်ရင်း ...



"မာမီ ဆေးရုံကို ဘာကြောင့်ရောက်သလဲဆိုတာ ကိုနိုင် သိရဲ့လား"

"အင်း ... သိတယ်လေ၊ လမ်းဖြတ်ကူးရင်း ယာဉ်တိုက်မှုဖြစ်တာ မဟုတ်လား"

"အဲဒီယာဉ်တိုက်မှုဟာ ဘာကြောင့်ဖြစ်သလဲဆိုတာရော ကိုနိုင် သိရဲ့လား"

မိမိမော်ရဲ့အမေးကြောင့် ရန်နိုင်တစ်ယောက် ကြောင်ငေးငေးအမူအရာနဲ့ ခေါင်းခါယမ်းလိုက်တယ်။

မိမိမော်က ရန်နိုင့်မျက်နှာကို စူးစိုက်ကြည့်ရင်း ...

"မာမီ ယာဉ်တိုက်မှုဖြစ်နေတာ ကိုနိုင့်ရဲ့သတို့သမီး အကျီုကြောင့်ပဲ၊ ပတ္တမြားအကျီုကြောင့် ဖြစ်ရတာ"

လို့ပြောလိုက်တဲ့အခါ ရန်နိုင်ဟာ မျက်လုံးပြူးသွားပြီး

"ဘာ ... သတို့သမီးအကျီုကြောင့် ဟုတ်လား"

လို့ အထိတ်တလန့် ရေရွတ်လိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"ရန်နိုင်က . . . ပတ္တမြားအင်္ကျီနဲ့
ပတ်သက်တဲ့အကြောင်းတွေကို လက်ခံပါ့မလား?"

# အပိုင်း (၂၈)

www.burmeseclassic.com

www.burmeseclassic.com

မိမိဇော်တို့ခြံဝန်းအတွင်း မြက်ခင်းပြင်ရှိ စားပွဲဝိုင်းမှာတော့ သုံးယောက်သား ငြိမ်သက်စွာ အတွေးကိုယ်စီနဲ့။

ရန်နိုင်တစ်ယောက် ချစ်သူမိနဲ့ ယုတို့ရဲ့ပြောပြချက်ကြောင့် ပတ္တမြားအင်္ကျီရဲ့ ချောက်ချားဖွယ်ဇာတ်ကြောင်းကို သိသွားချေပြီ။

ရန်နိုင်က တစ်စုံတစ်ခုကို အလေးအနက် တွေးတောနေရာက ခေါင်းခါယမ်းလိုက်ရင်း ...



"မိတို့ပြောလို့သာ ကြားရတာ ကိုယ်က ဝိညာဉ်တို့၊ ပရလောကတို့ကို လုံးဝ မယုံကြည်ဘူး၊ ကိုယ့်မှာ မယုံကြည်တဲ့ အကြောင်းပြချက်ကလည်း ရှိနေတယ်၊ ဘာကြောင့်လဲဆိုတော့ ဖေဖေရဲ့နောက်ဆုံးပစ္စည်းဖြစ်တဲ့ ပတ္တမြားအင်္ကျီလေးဟာ ကိုယ့်ရဲ့အဝတ်ဗီရိုထဲမှာ နှစ်တွေအများကြီး သိမ်းထားခဲ့လို့ပါ၊ ပတ္တမြားအင်္ကျီလေးမှာ ချောက်ချားဖွယ်ကောင်းတဲ့ နောက်ကြောင်းတွေရှိနေခဲ့ရင် ကိုယ်က ဘာကြောင့် အခြောက်လှန့်မခံခဲ့ရသလဲ၊ ကိုယ့်ဖေဖေကရော ဒီအင်္ကျီမှာ မကောင်းဆိုးဝါးရှိနေခဲ့ရင် ဘာကြောင့် ကိုယ့်ရဲ့သတို့သမီးကို ဝတ်ဖို့မှာခဲ့ရတာလဲ၊ ကိုယ်တော့ တွေးမရအောင်ကို ခေါင်းရှုပ်နေပြီ မိ"

လို့ ပြောလိုက်တယ်။ ဒီအခါမှာ ယုက ...

"ဒီအဖြစ်အပျက်တွေအားလုံးဟာ တိုက်ဆိုင်မှုတွေဖြစ်ခဲ့မယ်ဆိုရင်လည်း သမားရိုးကျမဟုတ်တဲ့ တိုက်ဆိုင်မှုတွေပဲ ရန်နိုင်၊ အရေးကြီးတာက မနက်ဖြန်

www.burmeseclassic.com

ကျင်းပရမယ့် နင်တို့ရဲ့မင်္ဂလာပွဲပဲ၊ ဒီအချိန်မှာ ပတ္တမြား အကျီကိစ္စကို မေ့ထားပြီး ပွဲအတွက် နင်တို့ ပြင်ဆင်ရ တော့မယ်"

"မင်္ဂလာပွဲအတွက်က ဘာမှပူစရာမလိုဘူး ယူ၊ ကျွန်တော် ခရီးက ပြန်မရောက်ခင်ကတည်းက စထ ရင်းဟိုတယ်မှာ စီစဉ်ရမယ့်ကိစ္စအားလုံး ကျွန်တော့် အဒေါ် အားလုံးစီစဉ်ပြီးနေပြီ၊ မနက်ဖြန် အချိန်နီးတော့ မှ ဝတ်စုံဝတ်ပြီး သွားရုံပဲ"

ရန်နိုင်ရဲ့စကားကြောင့် မိမိမော်ဟာ မျက်နှာမသာမယာ နဲ့ ...

"မိတော့ မနက်ဖြန် ရောက်မှာကို သိပ်ကြောက်တာ ပဲ ကိုနိုင်၊ စိတ်ထဲမှာလည်း အရမ်းလေးနေမိတယ်"

လို့ စိုးရွံ့တကြီး ပြောလိုက်တယ်။ ရန်နိုင်က သူမရဲ့ လက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"သြော် ... မိရယ် စိတ်ထဲ လေးနေတယ်ဆိုတာက မင်္ဂလာပွဲကို မိရဲ့မာမီ မတက်နိုင်လို့ မဟုတ်လား၊ ကျန်း



မာရေးအခြေအနေကြောင့်ပဲ မိရယ်၊ ဘာမှအားငယ်စရာ မလိုပါဘူး၊ မနက်ဖြန် အိမ်က စထွက်တည်းက မိရဲ့ ဘေးမှာ ကိုယ်ရှိနေမှာပါ၊ မမြင်ရတဲ့အရာတွေကို တွေး ပြီး ကြောက်မနေပါနဲ့ မိရယ်၊ လောကမှာ ကြောက်စရာ အကောင်းဆုံးက လူလူချင်းပဲ မိရဲ့၊ လူတစ်ယောက်က တစ်ယောက်ကို သတ်လို့ သေစေနိုင်တယ်၊ မမြင်ရတဲ့ ပရလောကဆိုတာတွေက လူကို ဘာမှအန္တရာယ်ဖြစ် အောင် မလုပ်နိုင်ပါဘူး"

လို့ အားပေးနှစ်သိမ့်စကားဆိုလိုက်တယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

"တတ်သိမ်းမှာ . . . ဘာဖြစ်မလဲ?"

# အပိုင်း (၂၉)

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲကျင်းပတဲ့နေ့ ...

**စလရင်း** ဟိုတယ်ရဲ့ မင်္ဂလာခန်းမအတွင်းမှာတော့ စိန်ရောင်,ရွှေရောင်တွေ ဖျပ်ဖျပ်လက်ပြီး စည်ကားသိုက်မြိုက်နေတယ်။

မောင်ရန်နိုင်နဲ့ မိမိမော်တို့ရဲ့မင်္ဂလာဧည့်ခံပွဲ။

ဘိသိက်ဆရာကြီးဟာ မင်္ဂလာစင်မြင့်ထက်နေရာယူပြီးချိန်မှာတော့ သတို့သား သတို့သမီးရဲ့ မင်္ဂလာဆောင်အယောင်တွေနဲ့ မင်္ဂလာကားကြီး ဆိုက်ရောက်လာတယ်။



ရန်နိုင်က စိတ်လှုပ်ရှားနေတဲ့ မိမိမော်ရဲ့ မျက်နှာကို ကြည့်ရင်း ...

"မိ သိပ်စိတ်လှုပ်ရှားနေတာ မျက်နှာမှာ ပေါ်နေတယ်၊ ဟိုတယ်တောင် ရောက်လာပြီပဲ၊ မိရင်ထဲက ကြောက်စိတ်ကြီးကို ဖယ်ထုတ်လိုက်စမ်းပါ၊ တော်ကြာ ... ဓာတ်ပုံရိုက်ရင် မလှဘဲနေလိမ့်မယ်"

လို့ တီးတိုးသတိပေးလိုက်တယ်။

မိမိမော်တစ်ယောက် အသက်ကို ဝအောင်ရှူလိုက်ရင်း လှုပ်ရှားနေတဲ့ စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်တယ်။

မင်္ဂလာခန်းမအတွင်း လက်ချင်းချိတ်ဝင်တဲ့အခါမှာတော့ ရန်နိုင်ဟာ မိမိမော်ရဲ့လက်တွေ အေးစက်နေတာ သတိပြုမိလိုက်တယ်။

မင်္ဂလာပွဲလာ ဧည့်ပရိသတ်ကြီးဟာ သတို့သမီးဖြစ်သူကို ငေးကြည့်ရင်း အံ့ဩမှင်တက်သွားကြတယ်။ ပြီးနောက်...

"ဟယ် ... သတို့သမီးဝတ်ထားတာ ဟိုတစ်လောက သတင်းစာမှာပါခဲ့တဲ့ အင်္ကျီမဟုတ်လား၊ ပင်မင်း

www.burmeseclassic.com

ဆိုင်တစ်ဆိုင်လုံး မီးလောင်သွားပေမယ့် အဲဒီအင်္ကျီလေးက မီးလောင်ပြင်မှာ ဒီအတိုင်း ကျန်ရစ်ခဲ့တာ၊ ဒီလို အင်္ကျီမျိုး သတို့သမီးဝတ်တာ နိမိတ်မကောင်းဘူးရှင့်"

"အမယ်လေးနော် ... သတို့သမီးဝတ်စုံကလည်း ပုံတုံးလိုက်တာနော်၊ ဝင်ဒါမီယာမှာနေတဲ့လူက ဒီလို ဝတ်စုံမျိုးဝတ်တာ အံ့သြပါရဲ့"

"ဟောဗျာ ... သတို့သမီးက ဘာလဲဗျ၊ မီးလောင်မှုဖြစ်တဲ့နေရာမှာ ကျန်တဲ့ အင်္ကျီစုတ်ကြီး ဝတ်ထားပါလား၊ ဒီဝတ်စုံနဲ့ဆို ဟိုတယ်မှာ ပွဲမလုပ်ဘဲ ရွာမှာပဲ လုပ်သင့်တယ်"

လို့ အမျိုးမျိုး တစ်ယောက်တစ်မျိုး တီးတိုးဝေဖန်ကုန်ကြတယ်။

ဘိသိက်ဆရာရဲ့ အခါတော်ပေးသံဆုံးတဲ့အခါ သတို့သား သတို့သမီးဟာ ဧည့်ပရိသတ်တွေကို လိုက်လံနှုတ်ဆက်ကြတယ်။ မိမိမော်ဟာ ဧည့်သည်တွေကို ဟန်ဆောင်ပြုံးပြနေရပေမယ့် ရင်ထဲမှာတော့ ...



"ဘုရား ... ဘုရား ငါ့ရဲ့မင်္ဂလာပွဲကြီး စနေပြီ၊ ငါ့အတွက် ကံကြမ္မာဆိုးတွေ ဘယ်တော့ကြုံရမလဲ၊ ဟိုမိန်းမရဲ့ နိမိတ်ဖတ်စကားတွေက ဖြစ်နိုင်ပါ့မလား၊ မင်္ဂလာပွဲကြီး မြန်မြန်ပြီးပါစေ၊ ဟိုမိန်းမ ပြောသလို မဖြစ်ပါစေနဲ့"

ဆိုတဲ့ အတွေးတွေက ကြီးစိုးနေတယ်။

တချို့သော ဧည့်သည်တွေဟာ သူမရဲ့မခင်ဒေါ်မိမိကြီးကို မတွေ့တဲ့အတွက် မေးမြန်းကြတယ်။

မိမိမော်က မိခင်ရဲ့ကျန်းမာရေးအခြေအနေကို ဟန်ဆောင်အပြုံးနဲ့ ရှင်းပြနေရတယ်။

ရန်နိုင်ကလည်း သူ့ဧည့်သည်တွေကို နှုတ်ဆက်နေရတဲ့အတွက် သူမတို့နှစ်ယောက် တစ်နေရာစီ ဖြစ်သွားတယ်။

ဒီအချိန်မှာပဲ ဝုန်းခနဲအသံကြောင့် ခန်းမအတွင်းမှာရှိတဲ့ လူအားလုံး ထိတ်ခနဲဖြစ်သွားတယ်။

သတို့သမီး မိမိမော်တစ်ယောက် အသံလာရာဆီ လှမ်းကြည့်လိုက်တဲ့အခါ ... မျက်နှာကြက်မှာ တပ်ဆင်ထားတဲ့

www.burmeseclassic.com

မီးဆိုင်းကြီးဟာ တဖြည်းဖြည်းအိကျလာတယ်။

မီးဆိုင်းကြီးရဲ့အောက်မှာရပ်နေတဲ့ ရန်နိုင်က မော့ကြည့်ရင်း ကြောင်အမ်းနေတယ်။

သူမ ရန်နိုင့်ဆီ ပြေးသွားပြီး ...

"ကိုနိုင် ... ကိုနိုင် ဖယ်လိုက်"

လို့ အော်ဟစ်လိုက်တယ်။ ပြီးတော့ ရန်နိုင့်ကို ဆောင့်တွန်းလိုက်တယ်။ ဒီအခါမှာတော့ ...

'ချွမ်း'ခနဲအသံနဲ့အတူ သတို့သမီးရဲ့ 'အား'ခနဲ အော်ဟစ်သံကြီးက ခန်းမတစ်ခုလုံး ဟိန်းထွက်သွားတယ်။

ဧည့်ပရိသတ်တွေရဲ့ 'ဟာ'ခနဲ ရေရွတ်သံက ခန်းမအတွင်း ပွဲတင်ထပ်သွားတော့တယ်။

မီးဆိုင်းမှာ တပ်ဆင်ထားတဲ့ သတ္တုချောင်းအချွန်က သတို့သမီးရဲ့ရင်ဘတ်ထဲ ထုတ်ချင်းပေါက် စိုက်ဝင်သွားတယ်။

သွေးအိုင်ထဲလဲနေတဲ့ သတို့သမီး မိမိမော် ...

ရန်နိုင်ဟာ ဘယ်လိုမှထင်မှတ်မထားတဲ့ အဖြစ်ဆိုးကြောင့် ဟာဒင်္ဂ အသက်ရှူရပ်သွားသလို ခံစားလိုက်ရတယ်။



ယူကျုံးမရစိတ်နဲ့ မိမမော်ကို ထွေးပွေ့ရင်း ...

"မိ ... မိ ... ကိုနိုင့်ကို ပြန်ထူးပါဦး မိရယ်၊ မိ ... မိ ဘာမှမဖြစ်ဘူး မဟုတ်လား၊ ပြော ... ပြောပါ မိရယ် ... မိ"

လို့ အရူးတစ်ယောက်လို အော်ဟစ်လိုက်တယ်။

ရန်နိုင်ရဲ့လက်ထဲမှာတော့ မိမိမော်တစ်ယောက် မလှုပ်မယှက်ငြိမ်သက်နေချေပြီ။

လှိုက်တက်လာတဲ့ ကြေကွဲစိတ်နဲ့အတူ သတို့သား ရန်နိုင်ဟာ ချုံးပွဲချငိုကြွေးလိုက်တယ်။

မင်္ဂလာပွဲလာပရိသတ်အပေါင်းဟာ အဖြစ်ဆိုးတဲ့ မင်္ဂလာစုံတွဲကို ဝိုင်းအုံကြည့်ရှုရင်း မျက်ရည်တွေ ရစ်ဝဲလျက်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃၀)

ဆယ်ရက်မျှကြာသောအခါ ...

**တစာစာ** အော်မြည်နေတဲ့ စာကလေးအသံတွေကလွှဲရင် ကြံတောသချိုင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။

သချိုင်းရဲ့မိန်းလမ်းမကြီးပေါ်မှာတော့ ကားတစ်စီးဟာ တရွေ့ရွေ့ မောင်းနှင်နေတယ်။

တစ်နေရာရောက်တော့ ကားလေးဟာ တုံ့ခနဲထိုးရပ်သွားတယ်။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားတဲ့ ကားမောင်းသူဟာ

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ပန်းစည်းကို ဆွဲကိုင်ရင်း ကားပေါ်က ဆင်းလိုက်တယ်။

ပြီးတော့ ... လေးလံတဲ့ ခြေလှမ်းတွေနဲ့ အုတ်ဂူတွေရှိရာ လျှောက်သွားတယ်။

အသစ်စက်စက် အုတ်ဂူတစ်လုံးရှေ့ရောက်တဲ့အခါ ခြေလှမ်းတန့်သွားပြီး သူ့လက်က ပန်းစည်းကို ဂူပေါ်တင်လိုက်တယ်။

"မယုံနိုင်လောက်တဲ့ ပြောင်းလဲမှုတွေကြောင့် ကိုယ်တို့ သေကွဲ့ကွဲခဲ့ရပြီ မိရယ်၊ ကိုယ်က မိကို ကာကွယ်ပေးမယ်လို့ တဖွဖွပြောခဲ့ပေမယ့် တကယ်တမ်းကျတော့ ကိုယ့်ရဲ့အသက်ကို မိအသက်နဲ့လဲပြီး ကယ်တင်ခဲ့တယ်၊ ကိုယ့်အပေါ် ဒီလောက်ထိ ချစ်ရသလား မိရယ်၊ မိရဲ့ချစ်ခြင်းမေတ္တာတွေ ပေးဆပ်မှုတွေကြောင့် ဖြေမဆည်နိုင်အောင် ကိုယ် ခံစားရတယ်၊ ကိုယ့်ရဲ့ခံစားချက်တွေကို မိ ရောက်ရာဘုံဘဝက ကြားသိနိုင်ပါစေ၊ သိပ်ချစ်ခဲ့ရပါတယ် မိရယ်"



တဖွဖွရေရွတ်သံနဲ့အတူ ရန်နိုင့်ပါးပြင်ပေါ် မျက်ရည်တွေ လိမ့်ဆင်းလာတယ်။

ကြေကွဲစိတ်ကြောင့် တုန်ယင်လာတဲ့ လက်အစုံနဲ့ ပါဆယ်ထုပ်လေးကို သူ ဖွင့်လိုက်တယ်။

သွေးစွန်းနေတဲ့ ပတ္တမြားကျောက်စီသတို့သမီးအင်္ကျီလေး။

ရန်နိုင်ဟာ အင်္ကျီလေးကို အုတ်ဂူပေါ်တင်ရင်း ဒူးထောက်ထိုင်ချလိုက်တယ်။

ဒီအချိန်မှာပဲ သူ့ပခုံးပေါ် လက်တစ်ဖက် ကျလာပြီး

"သိပ်စိတ်ထိခိုက်နေသလား သား"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

အသံကြောင့် သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး မော့ကြည့်လိုက်တယ်။

"ဟင် ... ဖေ ... ဖေဖေ"

တအံ့တသြရေရွတ်သံနဲ့အတူ သူ ... ဆတ်ခနဲ ထရပ်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထက်အောက် အညိုရောင်ဝတ်စုံဝတ်ထားတဲ့ ဖခင်က သူ့ကို စူးစိုက်ကြည့်ရင်း ...

"ဟုတ်ပါတယ် သား၊ လူမမယ်ကလေးအရွယ် တည်းက မိခင်မဲ့နေတဲ့ သားလေးကို ရက်ရက်စက်စက် စွန့်ခွာသွားတဲ့ အဖေပါ သား ... အဖေပါ"

ရန်နိုင်ဟာ ဖခင်ဖြစ်သူရဲ့ လက်အစုံကို ဆုပ်ကိုင်ရင်း

"အဖေရယ် ... အဖေ သိပ်ရက်စက်တာပဲ၊ နှစ်တွေ အများကြီး ကြာပြီးမှ ကျွန်တော့်ဆီ ပြန်လာတယ်နော်၊ ကွဲကွာခဲ့တဲ့ နှစ်တွေမှာ ကျွန်တော် ဘယ်လောက်ထိ ဘဝကို ဖြတ်သန်းခဲ့ရသလဲဆိုတာ အဖေ သိရဲ့လား၊ ဒီမှာကြည့်ပါဦး အဖေရယ်၊ ဟောဒီအုတ်ဂူထဲမှာ အဖေ့ ချွေးမ ရှိနေတယ်၊ အဖေ့ဆန္ဒအတိုင်း အဖေ နောက်ဆုံး ပေးခဲ့တဲ့ သတို့သမီးအကျီ်လေးကိုဝတ်ရင်း သူ ... သေ ဆုံးခဲ့ရတယ်၊ ကြည့် ... ကြည့်ပါဦး အဖေရယ်"

လို့ ငိုသံကြီးနဲ့ ပြောလိုက်တဲ့အခါ ဖခင်က သက်ပြင်း ချရင်း ...



"ဒါတွေအားလုံးကို အဖေ သိပြီးပါပြီကွယ်၊ ငါ့ သားစိတ်ထဲမှာ အဖေ့ကို မေးခွန်းတွေအများကြီး မေး ချင်နေတာ အဖေ သိပါတယ်၊ တကယ်တော့ သားရယ် ... အဖေဟာ တစ်ချိန်တုန်းက သိပ်ကိုဆိုးမိုက်ရက်စက် တဲ့ ဓားပြတစ်ဦးပါ၊ အုတ်ဂူပေါ်က ပတ္တမြားအကျီ်လေး ရဲ့ပိုင်ရှင် သတို့သမီးကို သူတို့ရဲ့မင်္ဂလာဦးညမှာပဲ လူ မဆန်စွာ အဖေ သတ်ဖြတ်ခဲ့မိတယ်၊ အဖိုးတန်ပတ္တမြား စီခြယ်ထားတဲ့ သူ့ကိုယ်ပေါ်က အကျီ်လေးကိုလည်း လောဘစိတ်နဲ့ အဖေ အရယူခဲ့မိတယ် ...၊

ပတ္တမြားအကျီ်လေးကို အဖေ ရခဲ့ပေမယ့် ကျောက် တွေကိုဖြုတ်ဖို့ ကြိုးစားတိုင်း အိပ်မက်လိုလို၊ စိတ် ချောက်ချားသလို အဖြစ်ဆိုးတွေ ကြုံတွေ့ခဲ့ရတယ်၊ အဖေသွားလာလှုပ်ရှားသမျှ နေရာတိုင်းမှာ အဖေ သတ်ဖြတ်ခဲ့မိတဲ့ သတို့သမီးရဲ့အရိပ်တွေ ခြောက်လှန့် သလို ခံစားခဲ့ရတယ် ...၊

အဆိုးရွားဆုံးကတော့ တစ်ည ... သူမဟာ အဖေ့

www.burmeseclassic.com

www.burmeseclassic.com

ရဲ့အိပ်မက်ထဲရောက်လာပြီး နင်ရဲ့မျိုးဆက် အဆက်ဆက် ပတ္တမြားအကျီရဲ့ကျိန်ဆိုသံတွေ ထိရောက်စေရမယ်၊ ပတ္တမြားအကျီကို နင့်မျိုးဆက်တိုင်း သတို့သမီးအကျီအဖြစ် ဝတ်ဆင်ရမယ်၊ နင်ဟာ သားယောကျ်ားလေး မွေးခဲ့ရင် နင့်ရဲ့ချွေးမဟာ ဟောဒီပတ္တမြားအကျီကို ဝတ်ဆင်ရမယ် ...၊

နင့်ရဲ့လောဘကြောင့် ငါသေဆုံးခဲ့ရသလို နင့်ရဲ့မျိုးဆက်တိုင်း ငါ့အကျီဝတ်တဲ့သူတိုင်း ဟောဒီအကျီမှာ သွေးစွန်းရမယ်လို့ ကျိန်ဆိုသလို ကြုံးဝါးခဲ့တယ်၊ အဖေဟာ အရိပ်ဆိုးတွေထဲက ဘယ်လိုမှ ရုန်းမထွက်နိုင်ခဲ့ဘူး၊ ငါ့သား ဆယ်ကျော်သက်အရွယ်မှာတော့ အဖေစိတ် ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်ခဲ့တယ်...၊

ဒါကြောင့် ... ပတ္တမြားအကျီကို သားလက်အပ်ပြီး အဖေဟာ တရား ရိပ်မှာ ယောဂီအဖြစ် ခိုလှုံခဲ့တာ ... ဒီနေ့အထိပါပဲ သား"

လို့ ရှည်လျားစွာ ရှင်းလင်းပြတယ်။





ဖခင်ရဲ့စကားဆုံးတဲ့အခါ ရန်နိုင်ဟာ ကြေကွဲဆို့နင့်အသံကြီးနဲ့ ...

"အဖေ့ရဲ့ စိတ်စွဲလမ်းမှုကြောင့် ချောက်ချားခဲ့တာပဲဖြစ်ဖြစ်, တကယ်ပဲ ပတ္တမြားအကျီရဲ့ဝိညာဉ်ဟာ ခြောက်လှန့်ခဲ့တာပဲဖြစ်ဖြစ် ခုတော့ ... အားလုံးပြီးဆုံးသွားပါပြီ အဖေ ...၊

တကယ်လို့ အဖေ့သမိုင်းတစ်လျှောက်လုံး ပတ္တမြားအကျီရဲ့ ကျိန်ဆိုသံတွေ ရှိခဲ့မယ်ဆိုရင် အဲဒီအသံတွေဟာ ကျွန်တော့်ချစ်သူရဲ့သွေး ပတ္တမြားအကျီမှာ စွန်းခဲ့ရတဲ့အတွက် တိတ်ဆိတ်သွားပါပြီ၊ ချောက်ချားမှုအားလုံး အဆုံးသတ်သွားပါပြီ အဖေရယ်"

လို့ လေးနက်စွာ ပြောလိုက်တယ်။

ဖခင်ဖြစ်သူက သူ့ကို ကရုဏာသက်စွာ ငေးစိုက်ကြည့်ရင်း ပခုံးကို ဖက်လိုက်တယ်။

ပြီးတဲ့အခါမှာတော့ အုတ်ဂူဖြူဖြူလေးနဲ့ ဝေးရာ သူ့ကို ခေါ်ဆောင်သွားတော့တယ်။

www.burmeseclassic.com



အုတ်ဂူလေးကို ကျောခိုင်းလိုက်တဲ့ သူ့ခြေလှမ်းတိုင်းဟာ အနာဂတ်မဲ့နေသလို သွေးစွန်းနေတဲ့ ပတ္တမြားအကျီလေးဟာ အုတ်ဂူထက် အထီးကျန်စွာ ကျန်ရစ်ခဲ့တော့တယ်။

❐❐❐

## "ပတ္တမြားဗိညာဉ်"

မအိုစာ

**မအိုစာ**

**စာတိုက်သေတ္တာအမှတ် (၁၉၇)**

**ရန်ကုန်မြို့**

အကြိုက်ပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ ပြန်လည်ပေးပို့လျက်ရှိပါတယ်။

www.burmeseclassic.com